# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၅)


## အမျိုးသားရေးလမ်းကြောင်းမှန်

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ယနေ့ အခိုင်အမာရပ်တည်လျှောက်လှမ်းနေပြီဖြစ်တဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ ခိုင်ခိုင်မြဲမြဲ ဆက်လက်တိုးတက်ဖြစ်ထွန်းသွားနိုင်စေရေးအတွက် အာမခံနိုင်စေမယ့် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေ။

# အမျိုးသားယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိ စာနာမှု၊ တရားမျှတမှုအခြေခံသော အနာဂတ်နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတည်ဆောက်နေ အလားအလာကောင်းများပြည့်ဝနေသည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ် စတင်လျှောက်လှမ်းမိနေပြီ

## နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အနုပညာစွမ်းပကားဖြင့်ပါဝင်ကြိုးပမ်း

ရန်ကုန် နိုဝင်ဘာ ၃

**၂၀၀၄ ခုနှစ် နိုဝင်ဘာ၃ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား၌ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ဒွါဒသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး "မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့ရဲ့ ကောင်းမြတ်တဲ့ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများနဲ့ မျိုးရိုးဂုဏ်ရှိန် ဇာတိသွေး ဇာတိမာန်တို့ကို ပိုမိုတင့်တယ်မြင့်မားစေရမယ်ဆိုတဲ့ ရည်မှန်းချက်များထားရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာမှာ ယခုဆိုရင် (၁၂ကြိမ်)မြောက်ဖြစ်တဲ့ ဒွါဒသမအကြိမ် ပြိုင်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



**ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**မြန်မာ့အလင်း**

**ခေါင်းကြီး၊ သတင်းနှင့် ဆောင်းပါးအညွှန်း**

■ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျ ချိတ်ဆက်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန်သာမက စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်သူများဖြစ်လာစေရန် ပြုစုပျိုးထောင်။

ခေါင်းကြီး(စာ-၂)

❖ **အမေရိကန်တို့ကို ကြံ့ကြံ့ခံတိုက်ခိုက်ရန် ဖော်လူဂျာရှိ အီရတ်ခုခံရေးသမားများ ပြင်ဆင်ထား။**

**နိုင်ငံတကာသတင်း(စာ-၄)**

▲ ရေချိုးလျှင် ခြေမျက်စိအောက်ကစလောင်း၊ နောက်ဒူးအောက်၊ နောက်ပေါင်လယ်၊ နောက်ခါး၊ တရွေ့ရွေ့ အထက်တက်ပြီးမှ တစ်ကိုယ်လုံးလောင်းချိုးသင့်ပါတယ်။ ဒါမှ အပူကအောက်ကို တဖြည်းဖြည်းဆင်းသွားတာပေါ့။

ဒေါက်တာလွင်ကို၏ဆောင်းပါး(စာ-၁၀)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက် အရည်အချင်းပြည့်ဝသည့် ပညာတတ်များပေါ်ထွန်းစေရန်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများ ပညာရည်မြင့်မားရေးတွင် အခြေခံပညာကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အခြေခံပညာကဏ္ဍ ခိုင်ခိုင်ခံ့ခံ့ ဖြစ်တည်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် အောက်ခြေကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး နက်နက်ရှိုင်းရှိုင်း ခိုင်ခိုင်မာမာတည်ဆောက်သွားရန် လမ်းညွှန်မိန့်ကြားထားခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသုံးရပ်ကို ပေါင်းစပ်အကောင်အထည်ဖော်ရာတွင် ပညာရေးကဏ္ဍအား အထူးအလေးထားပြီး ထည့်သွင်းစီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၂ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၄/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်ပြီး နိုင်ငံသူနိုင်ငံသားများ အသိပညာတိုးပွားစေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်–

**"စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအများစုကြီးအတွင်း အမှန်အမှား အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာဖြင့် ပြည့်စုံရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း"** ပြောကြားသွားသည်။

အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် ပညာရေးကဏ္ဍသည် အလွန်အရေးကြီး သည်မှာ ပေါ်လွင်ထင်ရှားလှပေသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပြီး အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်ရှိသဖြင့် အခြေခံပညာသင်ယူမှု အခွင့်အလမ်းများ ကျေးလက်များတွင် ပြည့်ပြည့်စုံစုံ ဖော်ဆောင်ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာကဏ္ဍသည် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်ရာ ဤမှုများပြားသော အခြေခံပညာကျောင်းအရေအတွက်များ ဖြစ်ထွန်းလာသည့်နည်းတူ အရည်အချင်းအရပါ ပြည့်ဝခိုင်မာစေရန် စနစ်တကျစီမံဆောင်ရွက်ကြရန် ဖြစ်သည်။

အခြေခံပညာကဏ္ဍမှ အရည်အချင်းပြည့်ဝသည့် ပညာတတ်များမွေးထုတ်ပေးနိုင်မှသာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည်တွင်းမှ အရည်အချင်းပြည့်ဝသည့် နိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းသည် ပညာရေးကဏ္ဍ မြင့်မားတိုးတက်မှုများ၏ အခြေခံအကျိုးရလဒ်ကောင်းများပင် ဖြစ်သည်။

ထို့အပြင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ကဏ္ဍတို့ကို စနစ်တကျချိတ်ဆက်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန်သာမက စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်သူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အဓိကအကောင်အထည်ဖော်မည့် အရည်အသွေး၊ အရည်အချင်းမြင့်မားသော ပညာတတ်များပေါ်ထွက်လာစေရန်အတွက် အခြေခံကျသည့် ပညာရေးကဏ္ဍကို မြင့်မားသည်ထက် မြင့်မားတိုးတက်အောင် အလေးထားစီမံလုပ်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၄-၁၁-၂၀၀၄**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **"မြန်မာ့ထုံးတမ်းဥပဒေအရ တရားဝင်လက်ထပ်ထိမ်းမြားရန် လိုအပ်ချက်များ"** (ဒုတိယနှစ်၊ ဥပဒေ)
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၂၀)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တရားရုံးအဆင့်ဆင့်၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

## တရားသူကြီးချုပ်ဦးအောင်တိုး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၃

**၂၀၀၃ ခုနှစ် တရားသူကြီးချုပ်၏ ဆုချီးမြှင့်ပွဲနှင့် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးအဆင့်ဆင့်ရှိ အရာထမ်း၊အမှုထမ်းများ၏ သားသမီးများမှ ပညာရည်ချွန်ဆုရရှိသူများအား ချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက တရားရုံးချုပ် မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တရားသူကြီးချုပ်ဆုနှင့် ပညာရည်ချွန်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



### ဂုဏ်ပြုအမှာစကားပြော

အခမ်းအနားတွင် ရှေးဦးစွာ တရားသူကြီးချုပ် ဦးအောင်တိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တရားသူကြီးချုပ်၏ ဆုချီးမြှင့်ခံရသူများအား တရားသူကြီးချုပ်က ဆုများချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူ ၃၀ တို့အား ဆုများ ချီးမြှင့်သည်။

### ဆုချီးမြှင့်

ထို့နောက် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် တန်းစဉ်အလိုက် ဆုရရှိသူများအား ဆုများချီးမြှင့်ရာ တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်က တရားရုံးချုပ်(ရန်ကုန်)မှ တန်းစဉ်အလိုက် ပထမဆုနှင့် ဒုတိယဆုရသူ လေးဦးတို့အားလည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဦးတင်အေးက ရန်ကုန်တိုင်းတရားရုံးမှ တန်းစဉ်အလိုက် ပထမဆုနှင့် ဒုတိယဆုရရှိသူ ၁၀ ဦးတို့ အားလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများကိုယ်စား ဂုဏ်ထူးရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**



**ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၇ ရက်က ဆိပ်ကမ်းမြို့နယ်မိသားစု ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် ရပ်ကွက်အဖွဲ့ဝင်(၁) ဦးသောင်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

**■ ရှေ့ဖုံးမှ**

## ကောင်းမြတ်တဲ့မင်္ဂလာ

မျိုးရိုးဂုဏ်ရှိန်ဆိုတာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ကျက်သရေမင်္ဂလာတစ်ပါး ဖြစ်သလို မျိုးရိုးစဉ်လာကို ထိန်းသိမ်းခြင်းဟာလည်း မျိုးရိုးဂုဏ်ရှိန်ကို ပိုမိုတင့်တယ်ထည်ဝါစေတဲ့ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးပဲဖြစ်ပါတယ်။

ဒါ့အပြင် မျိုးရိုးဂုဏ်ရှိန် တင့်တယ်ထည်ဝါမှုဟာ ဇာတိသွေး ဇာတိမာန်ကို ပိုမိုရှင်သန်ထက်မြက် စေတဲ့အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အကျိုးစီးပွားကို အခြေအနေ အချိန်အခါမရွေး ကာကွယ်စောင့်ရှောက်နိုင်တဲ့ အမျိုးသားရေး စွမ်းအားကို ပိုမို ပြည့်ဖြိုးခိုင်မာအောင်စေ့ဆော်ပေးနိုင်တဲ့ အင်အားတစ်ရပ်လည်း ဖြစ်ပါတယ်။

## များစွာအထောက်အကူပြု

ကျွန်တော်တို့အားလုံး ပါဝင်ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများက ဖော်ဆောင်ပေးလျက်ရှိတဲ့ မြန်မာလူမျိုးတို့ရဲ့ မျိုးရိုးဂုဏ်ရှိန် ပိုမိုတင့်တယ်ထည်ဝါစေမှု၊ အမျိုးသားရေးအားမာန် ပိုမိုပြည့်ဖြိုး ခိုင်မာစေမှုတို့ဟာ မျက်မှောက်ခေတ်ကာလမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးဆိုတဲ့ အမျိုးသားရေးတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ များစွာ အထောက်အကူပြုလျက်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

ယနေ့ခေတ်ကာလမှာ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ရောယှက်မှုများဟာ ယခင်ခေတ်ကာလကလို သာမန်ထိတွေ့ရောယှက်မှုမျိုးမဟုတ်တော့ဘဲ မိမိတို့ရဲ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာတွေ၊ လူမှုတန်ဖိုးတွေ၊ လူ့ကျင့်ဝတ်နဲ့ အမျိုးသားရေးစံထားမှုတွေကို မှေးမှိန်လျော့ပါးစေပြီး တိုင်းတစ်ပါးဓလေ့စရိုက်၊ အတွေးအခေါ်၊ အမူအကျင့်နဲ့ လူမှုတန်ဖိုးများ တဖြည်းဖြည်းချင်း လွှမ်းမိုးကြီးစိုးလာစေရအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်ကြိုးပမ်းလုပ်ဆောင်နေကြခြင်း ဖြစ်တယ်ဆိုတာကို အမျိုးသားရေးသတိနဲ့ သိမြင်ထားကြဖို့ အထူးလိုအပ်လျက်ရှိပါတယ်။

## တွန်းလှန်ကာကွယ်နိုင်

ယခုအချိန်အခါမှာ ခေတ်မီသတင်းနဲ့ ဆက်သွယ်ရေးနည်းပညာတွေ၊ မီဒီယာတွေကို အသုံးပြုပြီး ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်တို့ကတစ်ဆင့် စိမ့်ဝင်ထိုးဖောက် လွှမ်းမိုးလာနေတဲ့ တိုင်းတစ်ပါး ယဉ်ကျေးမှု ဓလေ့စရိုက် အမူအကျင့်များကို အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်မှု ကိုယ်ခံစွမ်းအားများဖြင့်သာ တွန်းလှန်ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များရဲ့ အထူးခြား အထက်မြက်ဆုံး စွမ်းဆောင်ရည်ဖြစ်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုနဲ့ ထိတွေ့ရတဲ့ အချိန်အခါတိုင်းမှာ တိုင်းတစ်ပါးဓလေ့စရိုက်တို့ အရောအယှက်မခံဘဲ မြန်မာ့မှု မြန်မာ့ဟန်တို့ကို နှစ်ပေါင်းထောင်ချီထိန်းသိမ်း စောင့်ရှောက်လာနိုင်ခဲ့တဲ့ အရည်အသွေးစွမ်းအားနဲ့ အမျိုးသားရေးအားမာန်တို့ကို ယခုလို မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ထိန်းသိမ်း မြှင့်တင်ပေးလျက်ရှိခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ဒီလိုထူးခြားလေးနက်တဲ့ အမျိုးသားရေးရည်မှန်းချက်နဲ့ အမျိုးသားရေး အနှစ်သာရတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများကတစ်ဆင့် အောင်အောင်မြင်မြင်နဲ့ ဖော်ဆောင်ပေးနိုင်လျက်ရှိနေပြီလို့ ဂုဏ်ပြုပြောကြားလိုပါတယ်။

## ဂုဏ်ယူဝင့်ကြွား

ယခု ဒွါဒသမအကြိမ်ပြိုင်ပွဲကြီးမှာလည်း ယခင်ပြိုင်ပွဲကြီးများနည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးအနုပညာရပ်များရဲ့ သိမ်မွေ့နက်ရှိုင်းတဲ့ ပညာခန်းအနှစ်သာရတို့ကို ပေါ်လွင်ထင်ရှားစေရအောင် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် အားထုတ်ကြိုးပမ်းပြိုင်ပွဲဝင်ခဲ့ကြတာကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ခဲ့ကြရပြီးဖြစ်ပါတယ်။

ရာမာယဏဇာတ်တော်ကြီးဟာဆိုရင် အခြားသော မြန်မာ့ဇာတ်သဘင်ပုံစံများနဲ့ ဆိုဟန် ပြောဟန် ကဟန်တီးဟန်တို့ တစ်မူကွဲပြားပြီး သူ့မှုသူ့ဟန်နဲ့ သီးသီးသန့်သန့်ဖြစ်ထွန်းနေတဲ့ ထူးခြားတဲ့ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ် စစ်စစ်တစ်ရပ်ဖြစ်ရုံမျှမက မြန်မာ့ဇာတ်တော်ကြီးများရဲ့ ဥပဓိ၊ ဣန္ဒြေနဲ့ အနှစ်သာရတို့နဲ့ပါ ပြည့်စုံလှတဲ့ဇာတ်တော်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။

## အကျိုးတရား

ဇာတ်ကွက် ဇာတ်အိမ် ကြီးမားခိုင်ခံ့လှတဲ့ ရာမာယဏဇာတ်တော်ကြီးကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ တဖြည်းဖြည်းချင်း အခန်းကဏ္ဍပြည့်စုံပြီး ကြည့်ရှုသူ ပရိသတ်အပေါင်း ဇာတ်ရည်လည်လာစေရအောင် စီစဉ်တင်ဆက်လျက်ရှိတဲ့အတွက် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်တဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်များကို အလှည့်ကျ ဖော်ထုတ်ထိန်းသိမ်းနိုင်တဲ့ အကျိုးတရားကိုပါ ရရှိစေလျက်ရှိတယ်လို့ ပြောကြားလိုပါတယ်။

မည်သို့ပင်အခန်းစဉ်များ ပြောင်းလဲတင်ဆက်သည်ဖြစ်စေ ရာမာယဏဇာတ်တော်ကြီးက ဖော်ညွှန်းပြဆိုထားတဲ့ အဓမ္မဝါဒီ ဒသဂီရိရဲ့ အမျက်မာန်စောင်ကြီးမှု၊ မာနထောင်လွှားမှု၊ အနိုင်အထက်ပြုကျင့်မှု၊ တရားမျှတမှုကင်းမဲ့ပြီး အဓမ္မတရားကိုသာ ကျင့်သုံးမှုစတဲ့ ဆိုးညစ်တဲ့ အမူအကျင့်တို့ဟာ ဓမ္မဝါဒီ ရာမမင်းသားရဲ့ စိတ်ထားမြင့်မြတ် ခိုင်ကျည်မှု၊ စာနာထောက်ထား သဘောထားကြီးမှု၊ အဓမ္မကိုမလိုလားမှု၊ တရားမျှတမှု၊ ဓမ္မတရားဘက်မှ အစဉ်အမြဲရပ်တည်မှုစတဲ့ ကောင်းမြတ်တဲ့ ဂုဏ်ရည်တို့ကို အရှုံးပေးရမြဲဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို ရာမာယဏပညာရှင်များအနေနဲ့ ပိုင်ပိုင်နိုင်နိုင် ပေါ်ပေါ်လွင်လွင် ဖော်ထုတ်တင်ဆက်နိုင်ခဲ့တာ တွေ့ရပါတယ်။

ရုပ်သေးသဘင်ပြိုင်ပွဲမှာ ယှဉ်ပြိုင်တင်ဆက်ခဲ့ကြတဲ့ မဟောသဓာဇာတ်တော်ကြီးဟာဆိုရင်လည်း ဗုဒ္ဓမြတ်စွာရဲ့ ပညာပါရမီ ဖြည့်ဆည်းမှုကို ဖော်ကျူးတဲ့ ဇာတ်တော်ကြီးဖြစ်တဲ့အတွက် မြန်မာလူမျိုးတို့ရဲ့ မှန်ကန်တဲ့ အသိဉာဏ်ပညာအပေါ် ယုံကြည်အလေးထားမှုကို ပေါ်လွင်စေတဲ့ ဇာတ်တော်ကြီးတစ်ခုဖြစ်ပါတယ်။



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲတွင် မယ်သီတာထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်ဝင်း(ခ)မခိုင်သဇင်သင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

## တစ်စိတ်တစ်ပိုင်း

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများမှာ မဟောသဓာဇာတ်တော်ကြီးကို ဇာတ်သဘင်ပြိုင်ပွဲမှာရော ရုပ်သေးသဘင်ပြိုင်ပွဲမှာပါ ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်ပေမယ့် မဟောသဓာဇာတ်တော်ကြီးရဲ့ ကြီးမားခိုင်ခံ့လှတဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်များအနက် တစ်စိတ်တစ်ပိုင်းမျှကိုသာ ဖော်ထုတ်တင်ဆက်ရသေးတာ တွေ့နိုင်ပါတယ်။

သို့သော်လည်း ပြိုင်ပွဲဝင်အနုပညာရှင်များရဲ့ အနုပညာစွမ်းပကားကြောင့် တင်ဆက်ယှဉ်ပြိုင်မှုများမှာ မဟောသဓာဇာတ်တော်ကြီးရဲ့ ဂုဏ်တစ်ရပ်ဖြစ်တဲ့ မြန်မာလူမျိုးတို့ရဲ့ မှန်ကန်တရားမျှတမှုကို လိုလားတဲ့ စိတ်နေသဘောထားနဲ့တကွ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အဆုံးအမတရားများက ပေါက်ဖွားလာတဲ့လူမှုကျင့်ဝတ်နဲ့ တရားမျှတမှု အယူအဆတွေ၊ ဒီအခြေခံတွေက ပေါ်ထွန်းလာတဲ့ အဆင့်အတန်းမြင့်မားလှတဲ့ တရားစီရင်ရေးဆိုင်ရာ အခြေခံသဘောတရားတွေကို ထင်ထင်ရှားရှား ဖော်ထုတ်တင်ဆက်နိုင်ခဲ့တာ တွေ့ရပါတယ်။

## ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်တင်ဆက်

ဒါ့အပြင် မဟောသဓာဇာတ်တော်ကြီးမှာ ထုံလွှမ်းနေတဲ့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ ထီးမှုနန်းဟန် ဓလေ့စရိုက်တွေ ရှေးမြန်မာမင်းများရဲ့ စည်းစနစ်ကျနတဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစနစ်တွေ၊ အဆင့်အတန်းမြင့်မားတဲ့ သံခင်းတမန်ခင်းဆိုင်ရာ ကျင့်ဝတ်နဲ့ ကျင့်စဉ်တွေ၊ သိမ်မွေ့နက်နဲတဲ့ သေနင်္ဗျူဟာ အခင်းအကျင်းတွေစတဲ့ မြန်မာ့အရည်အသွေး၊ မြန်မာ့ဂုဏ်ရည်တို့ကိုလည်း ရုပ်သေးသဘင်ရဲ့ ဆို၊ ငို၊ ပြော ပညာရပ်များနဲ့ ပိုင်ပိုင်နိုင်နိုင် ဖော်ထုတ်တင်ဆက်ခဲ့ကြတာ တွေ့ရပါတယ်။

ယခုလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများက တစ်ဆင့်ယနေ့မျိုးဆက်သစ် လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ အဆင့်အတန်းမြင့်မားလှတဲ့ ယဉ်ကျေးမှုအနုပညာရပ်တွေကို သိမြင်ခံစားနားလည်စေခြင်းကြောင့် မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုး ဂုဏ်ယူတတ်တဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု အကျိုးရလဒ်ကောင်းတွေ ဖြစ်ပေါ်စေလျက်ရှိနေပြီလည်း ဖြစ်ပါတယ်။

## ပိုမိုတိုးပွားခိုင်မာ

မိမိတို့ရဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုးရာက ပေါက်ဖွားလာတဲ့ မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်နဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လိုမှုက ပေါက်ဖွားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်တို့ဟာ ပြည်သူများအတွက် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့အကျိုးစီးပွားကို အခြေအနေ အချိန်အခါ ကာလမရွေး ကာကွယ်စောင့်ရှောက်နိုင်တဲ့ အမျိုးသားရေးကိုယ်ခံစွမ်းအားများကို ပိုမိုတိုးပွားခိုင်မာစေမှာ အမှန်ပဲ ဖြစ်ပါတယ်။

ဒီစိတ်ဓာတ်အခြေခံတွေက ဖော်ဆောင်ပေးလာမယ့် စည်းလုံးညီညွတ်မှုစွမ်းအားဟာလည်း ပြည်သူအများကို တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုနဲ့ တိုင်းတစ်ပါးက သြဇာပေးစွက်ဖက်ခြယ်လှယ်မှု အမျိုးမျိုးကို ကြံ့ကြံ့ခံတွန်းလှန်နိုင်တဲ့ စွမ်းအားသတ္တိနဲ့ ပြည့်စုံစေမှာ ဧကန်မလွဲဖြစ်ပါတယ်။

ဒီမျှော်မှန်းချက်၊ ရည်မှန်းချက်များနဲ့အညီ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများအပါအဝင် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း မြန်မာလူမျိုးတို့ရဲ့ သမိုင်းအစဉ်အလာ ကြီးမားခံ့ထည်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားထည်ဝါမှုနဲ့ တရားမျှတညီညွတ်တဲ့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းရဲ့ ဂုဏ်အသရေတို့ကို ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

## အခိုင်အမာတည်ဆောက်

ဒီအားထုတ် ကြိုးပမ်းဆောင်ရွက်မှုများဟာ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်း၊ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတွေ၊ တရားမျှတမှု၊ လူသားအချင်းချင်း စာနာထောက်ထားမှုတို့ကို အခြေခံတဲ့ မြန်မာ့တွေးခေါ်မြော်မြင်မှု သဘောတရားတွေ၊ ကျင့်ဝတ်သီလနဲ့ စာရိတ္တမြဲမြံခိုင်ကျည်မှုကို အခြေခံတဲ့ မြန်မာ့လူမှုတန်ဖိုး စံထားမှုတွေနဲ့ ဆီလျော်ညီညွတ်တဲ့ အနာဂတ်နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အခြေခံအုတ်မြစ်များ အခိုင်အမာတည်ဆောက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် ယခုဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ မြန်မာ့သမိုင်းအစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ မြန်မာ့စံထားမှုတို့နဲ့ ဆီလျော်ကိုက်ညီတဲ့ တရားမျှတညီညွတ်တဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာတော့မယ့် အလားအလာကောင်းတွေ ပြည့်ဝနေတဲ့ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်မှာ စတင်လျှောက်လှမ်းမိနေပြီလို့ ပြောကြားလိုပါတယ်။

## အကောင်အထည်ဖော်

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ယနေ့အခိုင်အမာ ရပ်တည်လျှောက်လှမ်းနေပြီဖြစ်တဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ ခိုင်ခိုင်မြဲမြဲ ဆက်လက်တိုးတက်ဖြစ်ထွန်းသွားနိုင်စေရေးအတွက် အာမခံနိုင်စေမယ့် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့် အနုပညာရှင်များ အားလုံးကလည်း မိမွေဖမွေဖြစ်တဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်ကြီးရဲ့ အနာဂတ်ကို မြန်မာ့မှု မြန်မာ့ဟန် မြန်မာ့တန်ဖိုး မြန်မာ့စံထားမှုများနဲ့အညီ တည်ဆောက်ပေးနိုင်စေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ဖြစ်ထွန်းစေရအောင် အနုပညာစွမ်းပကားနဲ့ပါဝင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

## အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုတိုးပွားခိုင်မာစေ

* မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများက တစ်ဆင့် ယနေ့မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ အဆင့်အတန်းမြင့်မားလှတဲ့ ယဉ်ကျေးမှုအနုပညာရပ်တွေကို သိမြင်ခံစားနားလည်စေခြင်းကြောင့် မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုး ဂုဏ်ယူတတ်တဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု အကျိုးရလဒ်ကောင်းတွေ ဖြစ်ပေါ်စေလျက်ရှိနေပြီလည်း ဖြစ်ပါတယ်။
* မိမိတို့ရဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုးရာက ပေါက်ဖွားလာတဲ့ မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်နဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လိုမှုက ပေါက်ဖွားလာတဲ့ အမျိုးသားရေးစိတ်ဓာတ်တို့ဟာ ပြည်သူများအတွက် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့အကျိုးစီးပွားကို အခြေအနေ အချိန်အခါ ကာလမရွေး ကာကွယ်စောင့်ရှောက်နိုင်တဲ့ အမျိုးသားရေးကိုယ်ခံစွမ်းအားများကို ပိုမိုတိုးပွား ခိုင်မာစေမှာ အမှန်ပဲ ဖြစ်ပါတယ်။
* ဒီစိတ်ဓာတ်အခြေခံတွေက ဖော်ဆောင်ပေးလာမယ့် စည်းလုံးညီညွတ်မှုစွမ်းအားဟာလည်း ပြည်သူအများကို တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုနဲ့ တိုင်းတစ်ပါးက သြဇာပေးစွက်ဖက်ခြယ်လှယ်မှု အမျိုးမျိုးကို ကြံ့ကြံ့ခံတွန်းလှန်နိုင်တဲ့ စွမ်းအားသတ္တိနဲ့ ပြည့်စုံစေမှာ ဧကန်မလွဲဖြစ်ပါတယ်။

# အမေရိကန်တို့ကို ကြံ့ကြံ့ခံတိုက်ခိုက်ရန် ဖော်လူဂျာရှိ အီရတ်ခုခံရေးသမားများ ပြင်ဆင်ထား

ဖော်လူဂျာ နိုဝင်ဘာ ၃

**ဖော်လူဂျာမြို့ကို အမေရိကန်တို့က လေကြောင်းမှ နောက်ထပ်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသော ဖော်လူဂျာမြို့သည် အစွမ်းကုန်ခုခံတိုက်ခိုက်ရန်အတွက် ပြင်ဆင်ထားသည်ဟု သိရသည်။**

အီရတ်မြောက်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းကိုရည်ရွယ်ပြီး ပစ်ခတ်ခဲ့သော စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် အီရတ် ၁၇ဦးသေဆုံးခဲ့ပြီးနောက် အမေရိကန်တို့က လေကြောင်းမှ နောက်ထပ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

**ပစ်မှတ်ထား**

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံတွင် ရာထူးအဆင့်မြင့်သူ အစိုးရအရာရှိများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိရာတွင် ဘဂ္ဂဒက်မြို့၏ ဒုတိယအုပ်ချုပ်ရေးမှူးသည် အလုပ်သို့အသွားတွင် လမ်း၌ ချုံခိုတိုက်ခိုက်ခြင်းခံခဲ့ရရာ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ နောက်ဆုံးပစ်မှတ်ထား တိုက်ခိုက်ခံရသူဖြစ်ခဲ့သည်။ ဖော်လူဂျာမြို့အနောက်ဘက်ရှိ ရာမာဒီမြို့ဝန်းကျင်၌ တနင်္ဂနွေနေ့က ဖြစ်ပွားသော တိုက်ပွဲတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

**ပေါက်ကွဲ**

သေဆုံးသည့် အကြောင်းရင်းကို အတိအကျ မသိသော်လည်း ယာဉ်တန်းဖြတ်သွားခိုက်တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှု၌ အမေရိကန် မရိန်းသုံးဦးဒဏ်ရာရကြောင်း စစ်ဘက်က ပြောကြားခဲ့သည်။ **(အင်တာနက်)**



**ယာဉ်မီးလောင်**

**မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော ကုန်တင်ယာဉ်တစ်စီးကို နိုဝင်ဘာ ၂ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲ၌ သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂

**အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တပ်ကြပ် ထရာဗစ်ဖောက်စ်သည် အောက်တိုဘာ ၃၀ရက်က ဖြစ်ပွားသောတိုက်ပွဲ၌ သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။**

**ဖောက်စ်သည် ဖော်လူဂျာ၌ သေဆုံးသော မရိန်းတပ်ဖွဲ့ဝင် ရှစ်ဦးအနက် တစ်ဦးဖြစ်သည်ဟု သိရသည်။** (အင်တာနက်)

# အမေရိကန်တစ်ဦး၊ နီပေါတစ်ဦးနှင့် အီရတ်လေးဦး အီရတ်၌ ပြန်ပေးဆွဲခြင်းခံရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂**

အီရတ်လက်နက်ကိုင် သေနတ်သမားများသည် ဘဂ္ဂဒက်ရပ်ကွက်တစ်ခုတွင်ရှိသော ဆော်ဒီကုမ္ပဏီတစ်ခုအတွင်းသို့ တနင်္လာနေ့က အတင်းဝင်ရောက်လာပြီး အမေရိကန်တစ်ဦး၊ နီပေါတစ်ဦးနှင့် အီရတ်လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖမ်းဆီး**

ထိုသို့ ကုမ္ပဏီအတွင်းသို့ သေနတ်သမားများဝင်ရောက်လာရာတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အစောင့်တစ်ဦးနှင့် တိုက်ခိုက်ရေးသေနတ်သမားတစ်ဦး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ဖမ်းဆီးသွားခဲ့သည့် အမည်မသိသော အမေရိကန်နိုင်ငံသားတစ်ဦးသည် အီရတ်၌ ၁၂ယောက်မြောက် ပြန်ပေးဆွဲခံရသော သို့မဟုတ် ပျောက်ဆုံးသော အမေရိကန်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

**ခေါ်ထုတ်သွား**

ရဲတပ်ဖွဲ့ ဒုတိယဗိုလ်မှူးကြီး မင်းခါလက်ဖ်က လက်နက်ကြီးများကိုင်ဆောင်ထားသော ပြန်ပေးသမားများသည် ကားသုံးစီးဖြင့် ရောက်ရှိလာကြောင်း၊ နှစ်ထပ်အဆောက်အအုံထဲသို့ အတင်းဝင်လာရာတွင် တိုက်ပွဲဖြစ်ပွားပြီး ဓားစာခံများကို ၎င်းတို့နှင့်အတူ ဆွဲခေါ်ထုတ်သွားကြောင်း ပြောကြားသည်ကို ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဗိုလ်မှူးကြီး အက်ဒ်နန်ရာမန်က ပြောကြားသည်။

**အသတ်ခံရ**

၎င်းက ဆက်လက်၍ ပြန်ပေးသမားအချို့သည် အာရပ်ရိုးရာဝတ်ရုံများကို ဝတ်ဆင်ထားကြပြီး မောင်းပြန်လက်နက်များ ကိုင်ဆောင်ထားကြကြောင်း၊ ပြန်ပေးသမား ၂၀ထက်မနည်းရှိပြီး အချို့မှာ မျက်နှာဖုံးစွပ်ထားကြပြီး အချို့က စွပ်မထားကြကြောင်း ပြောကြားသည်။ ယခုနှစ်တွင် နိုင်ငံခြားသား ၁၆၀ကျော် ပြန်ပေးဆွဲခံခဲ့ရပြီး ၃၃ ဦးထက်မနည်း အသတ်ခံခဲ့ကြရသည်။ **(အင်တာနက်)**

# တီကရစ်မြို့ရှိ ဟိုတယ်တစ်ခုအား ဒုံးကျည်ထိမှန် အီရတ် ၁၅ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

တီကရစ် နိုဝင်ဘာ ၂

**အီရတ်နိုင်ငံ တီကရစ်မြို့တွင် အလုပ်အတည်တကျမရှိသော အလုပ်သမားများအသုံးပြုသည့် ဟိုတယ်တစ်ခုကို ဒုံးကျည်တစ်လုံးထက်မနည်း ထိမှန်ခဲ့သဖြင့် အီရတ် ၁၅ဦးသေဆုံးပြီး ရှစ်ဦးခန့်ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။**

အဆိုပါမြို့ရှိ အမေရိကန် အခြေစိုက်စခန်းတစ်ခုမှ မီတာ၈၀၀ ဝန်းကျင်၌ရှိသော ယင်းဟိုတယ်ကို အမေရိကန်တပ်ဖွဲ့များက ဝိုင်းထားလိုက်သည်။

အဆိုပါမြို့သို့ နေ့ထိုင်လုပ်ကိုင်ရန် ရောက်လာကြသော တောင်ပိုင်းမှ အလုပ်သမားများဟု ထင်ရသူများ၏ အလောင်းများကို အုတ်ကျိုးအုတ်ပဲ့များအောက်မှ ဆွဲထုတ်ခဲ့ကြကြောင်း ရိုက်တာ ဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောကြားသည်။

**ထိမှန်**

အဆိုပါလမ်းတွင် ကင်းလှည့်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရသူများတွင် အပါအဝင်ဖြစ်သည်။ လက်နက်ကိုင် ပြောက်ကျားများရှိရာအရပ်မှ ပစ်လွှတ်လိုက်သော ဒုံးကျည်နှစ်လုံးအနက် ဒုံးကျည်တစ်လုံးသည် ဟိုတယ်ကို ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်၏မြောက်ဘက် ၁၇၅ ကီလိုမီတာအကွာရှိ တီကရစ်မြို့တွင် ကာ့ဒ်များနှင့် အီရတ်များအလုပ်လုပ်ကိုင်လျက်ရှိသည်။ **(အင်တာနက်)**



# အီရတ်၌ သတင်းစာဆရာများ သေဆုံးမှုများပြားလာ

ဝါရှင်တန် နိုဝင်ဘာ ၂

**အီရတ်နိုင်ငံတွင် သတင်းစာဆရာ သေဆုံးမှုကြီးထွားများပြားလာခြင်းကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ထိတ်လန့်တုန်လှုပ်မှုဖြစ်ခဲ့ရကြောင်း နိုင်ငံခြားရေးဌာန လက်ထောက်ပြောရေးဆိုခွင့်ရှိသူ အဒမ်အီရီလီက တနင်္လာနေ့၌ ဝါရှင်တန်မြို့တွင် ပြောကြားသည်။**

**အမှန်ပင် ထိတ်လန့်တုန်လှုပ်မှုဖြစ်ခဲ့ရပြီး တည်ငြိမ်မှုအခြေအနေမှာ အလွန်ပျက်ပြားခဲ့ကြောင်း ဘဂ္ဂဒက်၌ မကြာမီက သတင်းစာဆရာများ တိုက်ခိုက်ခံခဲ့ခြင်းကို ဝေဖန်ရာ၌ အီရီလီက ထိုသို့ပြောကြားခဲ့သည်။ အယ်လ်အာရေဗျ၌ အလုပ်လုပ်နေသော သတင်းစာဆရာများ တိုက်ခိုက်ခံရမှုကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း၊ အယ်လ်ရာကီယာကွန်ရက်၌ အလုပ်လုပ်နေသော သတင်းစာဆရာများလည်း တိုက်ခိုက်ခံရပြီး သေဆုံးခဲ့သည်ဟု ၎င်းကပြောကြားသည်။ အီရတ်တွင် သတင်းစာဆရာများသည် အသက်စွန့်လုပ်ကိုင်နေရကြောင်း အီရီလီက ပြောကြားသည်။** အမ်အင်အေ၊ဆင်ဟွာ

## အကာအကွယ်ယူ

**ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် ပစ်ခတ်မှုနှင့် ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် အကာအကွယ်ယူနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်၌ ပြန်ပေးဆွဲခံရသော ကုလဝန်ထမ်းသုံးဦး စိုးရိမ်ဖွယ်အခြေအနေရှိ

**ကဘူး နိုဝင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော ဓားစာခံသုံးဦး၏ အသက်အန္တရာယ် စိုးရိမ်စရာအခြေအနေရှိနေကြောင်း သိရသည်။

ထိုကုလသမဂ္ဂ ဝန်ထမ်းသုံးဦးတို့သည် ကဘူးမြို့တွင်း သွားလာနေသည့် ၎င်းတို့၏ မော်တော်ယာဉ်တွင်းမှ ပြီးခဲ့သည့် ကြာသပတေးနေ့၌ ပြန်ပေးဆွဲခေါ်ဆောင်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။

၎င်းတို့သည် ဂွမ်တာနာမိုပင်လယ်အော်နှင့် ကျူးဘားနိုင်ငံရှိ ၎င်းတို့၏ အကျဉ်းသားများကို အမေရိကန်တို့က ကယ်တင်ရန် ကြိုးပမ်းမှုများကို ကာကွယ်နိုင်ရန်အတွက်လည်း ၎င်းဓားစာခံများက ပြောကြားလျက်ရှိသည်။

လွှတ်ပေးရန် တောင်းဆိုလျက်ရှိသည်။ ၎င်း တောင်းဆိုမှုများကို မလိုက်လျောလျှင် ဖမ်းဆီးထားသော ကုလသမဂ္ဂ ဓားစာခံများအား ဗုဒ္ဓဟူးနေ့တွင် သတ်ပစ်မည်ဖြစ်ကြောင်း ပြန်ပေးသမားများက ခြိမ်းခြောက်ပြောကြားလျက်ရှိသည်။ **(စီအင်န်အင်န်)**

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၅ / ၂၀၀၅**

**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်**

**( ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )**

ပြည်ထဲရေးဝန်ကြီးဌာနသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏သဘော တူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများ ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေ ကိုဆိုသည်။

(ခ) **အချုပ်ခံရသူ** ဆိုရာတွင် သက်ဆိုင်ရာ အခွင့်အာဏာရှိသူက ထိန်းသိမ်းထားခြင်းခံရသူ လည်းပါဝင်သည်။

(ဂ) **အကူအညီတောင်းခံသည့်နိုင်ငံ** ဆိုသည်မှာ အကူအညီ တောင်းခြင်းခံရသည့် နိုင်ငံမှ အကူအညီရရှိရန်တောင်းခံသည့် နိုင်ငံကို ဆိုသည်။

(ဃ) **အကူအညီတောင်းခြင်းခံရသည့်နိုင်ငံ** ဆိုသည်မှာ အကူအညီတောင်းသည့်နိုင်ငံအတွက် အကူအညီပေးရမည့် နိုင်ငံကို ဆိုသည်။

**အခန်း (၂)**

**ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ လက်ခံခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၃။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အကူအညီကို တောင်းခံသော ပြည်ပနိုင်ငံ တစ်ခုခုသည် -

(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားသည့် ပြည်ပနိုင်ငံဖြစ်ပါက **ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး နှင့် စပ်လျဉ်း၍ အကူအညီတောင်းခံခြင်း (ပုံစံ-၁)** ဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်။ အကယ်၍ သံတမန် လမ်းကြောင်းမှတစ်ဆင့် တောင်းခံလာလျှင်လည်း ဗဟိုအာဏာပိုင်အဖွဲ့က လက်ခံနိုင်သည်။

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားခြင်း မရှိသည့်ပြည်ပနိုင်ငံဖြစ်ပါက **ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီ ပေးရေး နှင့် စပ်လျဉ်း၍ အကူအညီတောင်းခံခြင်း (ပုံစံ-၁)** ဖြင့် သံတမန်လမ်းကြောင်း အရ ဗဟိုအာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

(ဂ) အရေးပေါ်ကိစ္စတွင် မြန်မာနိုင်ငံနှင့် သဘောတူညီချက်ရှိပါက နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ရဲတပ်ဖွဲ့မှတစ်ဆင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ အကူအညီ တောင်းခံနိုင်သည်။

၄။ အကူအညီတောင်းခံသည့်နိုင်ငံသည် အရေးပေါ်ကိစ္စတွင် နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ၊ လွန်မြန်သော ဆက်သွယ်ဆောင်ရွက်မှု အခါအခွင့်အမျိုး အီလက်ထရောနစ် နည်းပညာ တစ်ရပ်ရပ် ဖြင့်ဖြစ်စေ အကူအညီ တောင်းခံနိုင်သည်။ ယင်းသို့ တောင်းခံပါက အကူအညီ တောင်းခံ သည့် မူရင်းစာကို ဗဟိုအာဏာပိုင်အဖွဲ့သို့ နောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ထပ်မံ ပေးပို့ရမည်။

၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၁ ပါ ကိစ္စရပ်များကို အကူအညီတောင်းခံခြင်း ဟုတ် မဟုတ်ကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၁၂ ပါ အချက်များ ပြည့်စုံမှု ရှိ မရှိကိုလည်းကောင်း စိစစ်ရမည်။

၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် -

(က) နည်းဥပဒေ ၅ အရ စိစစ်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ် သည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ထပ်မံ တောင်းခံနိုင် သည်။

(ခ) အကူအညီတောင်းခံသည့်နိုင်ငံ၏ အာဏာပိုင်က တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား တွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းခြင်းနှင့် အထောက်အထားတောင်းခံ ခြင်းများ ပြုနိုင်သည်။

၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်ကို နည်းဥပဒေ ၅ နှင့် ၆ တို့အရ လိုအပ်သလို ဆောင်ရွက်ပြီး ဥပဒေပုဒ်မ ၁၅ နှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက အကူအညီ ပေးရန် ခွင့်ပြုနိုင်သည်။

၈။ ဗဟိုအာဏာပိုင်အဖွဲ့သည် -

(က) အကူအညီတောင်းခံချက်ကို ခွင့်ပြုပါက ယင်းအကူအညီ တောင်းခံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကူအညီတောင်းခံချက်နှင့် အတူလွှဲအပ် တာဝန်ပေးရမည်။

(ခ) အကူအညီ တောင်းခံချက်တွင် ပါရှိရမည့် အသေးစိတ်အစီအစဉ်၊ လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အထားများ လိုအပ်နေကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သော အချက်အလက်များကို ပေးပို့ရန် အကူအညီတောင်းခံသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) အကူအညီတောင်းခံချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း ပြုလုပ်ပါက ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းပြုရသည့်အကြောင်းကို အကူအညီတောင်းခံသည့် နိုင်ငံသို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပြန်ကြားရမည်။

(ဃ) အကူအညီတောင်းခံသည့် နိုင်ငံကထပ်မံ ပြည့်စွက်အကူအညီတောင်းခံချက် ရှိလျှင် ဥပဒေပုဒ်မ ၁၅ နှင့်ညီညွတ်ခြင်း ရှိ မရှိ ထပ်မံစိစစ်ပြီး လိုအပ်သလို အကောင်အထည်ဖော် ဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ညွှန်ကြားရမည်။

**အခန်း (၃)**

**သက်သေခံပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း နှင့် သက်သေထွက်ဆိုချက်ရယူခြင်း**

၉။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် ပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြစ်လျှင် ဖြစ်လျှင် ဥပဒေ ပုဒ်မ ၁၂ ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည် -

(က) ပစ္စည်းအမျိုးအစား ပုံသဏ္ဌာန်နှင့် ယင်းပစ္စည်း၏ ထူးခြားထင်ရှားသည့် အမှတ်အသား ဖော်ပြချက်၊

(ခ) ပစ္စည်းတည်ရှိသည့် နေရာနှင့်ပစ္စည်း၏ အသေးစိတ်ဖော်ပြချက်များ၊

(ဂ) မည်သူ၏ လက်ဝယ်တွင်ရှိကြောင်း ဖော်ပြချက်၊

(ဃ) ပစ္စည်းများ စုစည်းထုတ်ရန် လိုအပ်သည့်အချက်၊

(င) သက်ဆိုင်ရာ တရားရုံး၏ အမိန့် စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်။

**(ဆက်လက်ဖော်ပြပါမည်။)**

# နိုင်ငံသူနိုင်ငံသားအားလုံး မျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားရေး
# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးရည်ရွယ်ချက်များဖြင့်ကျင်းပ



ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ **အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဓမ္မပူဇာတေး ဝါသနာရှင်အဆင့်(အမျိုးသား) အဆိုပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ **အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မသဲနုအေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ **အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဓမ္မပူဇာတေးပညာရှင်အဆင့်(အမျိုးသမီး)အဆိုပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

*✻ ကျောဖုံးမှ*

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့အဖွဲ့ဝင်များ၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့်ပြိုင်ပွဲဝင်များ၊ဆုရရှိကြသူများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်တင်တင်မြ၊ ဒေါ်စမ်းစမ်းယဉ်၊ ဒေါ်သီတာဆွေနှင့် ဒေါ်ကေခိုင်ဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပညာရှင်အဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေနှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးမျိုးမင်းဝင်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးရဲသွေး(ခ)ဗိုလ်ထူး၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ရှမ်းပြည်နယ်မှ ဦးတင်ဝင်း(ညောင်ရွှေ) နှင့်တတိယဆုရ ရန်ကုန်တိုင်းမှ ဦးစောဝင်းတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်၊ တတိယဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုးနှင့် အထူးဆုရ ကရင်ပြည်နယ်မှမြိုင်ကြီးငူ စောစိုင်းလင်းအောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှမောင်ဇေယျာပြည့်ဖြိုးနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုး၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ထက်အောင်လင်း၊ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်နှင့် ကရင်ပြည်နယ်မှ စောအောင်ကျော်ဇင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်ဖြိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) မဟာဂီတပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## မဟာဂီတအဆိုပြိုင်ပွဲဆုချီးမြှင့်

ယင်းနောက် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပညာရှင်အဆင့်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မူမူဆွေ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသဲမြတ်စိုးနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိချွန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)စပယ်ဖြူသိန်းနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မကြူကြူလွင်တို့အားလည်းကောင်း၊အခြေခံ ပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုး၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှမဇင်သူမိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မမြတ်ဆုကြည်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှမလယ်လယ်လဝန်းနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မသူဇာလှိုင်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

## ဓမ္မပူဇာတေးအဆိုပြိုင်ပွဲဆုချီးမြှင့်

ဆက်လက်၍ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပညာရှင်အဆင့်(အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲထိုက်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးမင်းဟန်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးမျိုးမင်းဝင်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ ဦးဇော်မင်းလတ်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုးတို့အားလည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ ရခိုင်ပြည်နယ်မှ မောင်ဟန်စိုးနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့် တတိယဆုရ ကရင်ပြည်နယ်မှ စောအောင်ကျော်ဇင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား)ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ မောင်ထက်အောင်ဖြိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်နှင့် အထူးဆုရ ကရင်ပြည်နယ်မှ စောကျော်ခိုင်ညွန့်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပညာရှင်အဆင့် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ*

## ကာကွယ်တွန်းလှန်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများရဲ့ မွန်မြတ်မြင့်မားတဲ့ မျှော်မှန်းချက်များနှင့်အညီ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ တစ်ခေတ်ဆန်းသစ် ထွန်းကားမြင့်မားလာမှု၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများ ရှင်သန်ဖွံ့ဖြိုးနေမှု၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ တိုးပွားခိုင်ခံ့လျက် ပြည်သူများရဲ့စိတ်ပိုင်းဆိုင်ရာမြင့်မားခိုင်ကျည်နေမှု အကျိုးရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းနေတဲ့ အခြေအနေ အချိန်အခါကောင်းမှာ ယနေ့လူငယ်လူရွယ်များအပါအဝင် ပြည်သူ တစ်ရပ်လုံးရဲ့ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပိုမိုတောင့်တင်းခိုင်ခံ့စေရအောင် မြန်မာ့အနုပညာစွမ်းပကားနဲ့ ကြိုးပမ်းတည်ဆောက်ပေးရင်း တိုင်းတစ်ပါးဓလေ့စရိုက် အမူအကျင့်နဲ့အတွေးအခေါ်များ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုများကို ကာကွယ်တွန်းလှန်သွားကြပါလို့ တစ်ဆက်တည်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အနုပညာရှင်များ အားလုံးကို ပြောကြားလိုတာကတော့-

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ ဝင့်ဝင့်ထည်ထည်နဲ့ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး ဦးတည်ပြီး မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားရေး ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ လူ့တန်ဖိုးများကို ခိုင်ခိုင်မြဲမြဲ ဆက်လက်ရှင်သန် ဖြစ်ထွန်းနေစေရအောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊ မျိုးရိုးဂုဏ်ရှိန် မြင့်မြတ်ထည်ဝါမှုနဲ့ ယဉ်ကျေးမှု အဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ် ဇာတိဂုဏ် ထာဝရနိုးကြားထက်သန်စေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မယ့် အမျိုးသားရေးစွမ်းအား ပိုမိုထက်မြက်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို ယဉ်ကျေးမှုအနုပညာကဏ္ဍက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းသွားကြပါ**

လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

# မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ထွန်းကားရေး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပ



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ မနှင်းနှင်းလှိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ မောင်စိုင်းရဲထက်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အရေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဘုန်းလကျာ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

***စာမျက်နှာ ၆ မှ***

ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်း၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဒေါ်စိမ်းလဲ့လဲ့နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မသီတာမိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသဲမြတ်စိုးနှင့် တတိယဆုရ ပဲခူးတိုင်းမှ မခင်သူသူဝင်းတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် (အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိချွန်၊ ဒုတိယဆုရရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မခင်သက်စုတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌ပထမဆုရ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)စပယ်ဖြူသိန်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မဇင်သူမိုးတို့အားလည်းကောင်း၊အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မယမင်းထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မဥမ္မာမွန်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

**ခေတ်ဟောင်း/ကာလပေါ်တေး**
**အဆိုပြိုင်ပွဲ (အမျိုးသား)**

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ပညာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲထိုက်၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ တတိယဆုရ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ဝါသနာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးရဲသွေး(ခ)ဗိုလ်ထူး၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ ဦးအောင်အောင်၊ တတိယဆုရ ဦးသက်ဝင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဦးမြတ်ထွန်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်၊ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ တတိယဆုရ ကရင်ပြည်နယ်မှ မောင်စိုင်းသိန်းမြင့်ထွန်း၊ အခြေခံပညာအဆင့်အသက်(၁၀-၁၅)နှစ်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးညီညီဇော်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှမောင်မြတ်ထွန်းသိန်း၊ တတိယဆုရ ကချင်ပြည်နယ်မှ မောင်သီဟကျော်နှင့်အထူးဆုရ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်း၊ အခြေခံပညာအဆင့်အသက်(၅-၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ ကာလပေါ်တေးအဆိုပြိုင်ပွဲ ပထမဆုရ ပဲခူးတိုင်းမှ မောင်ရဲမြင့်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အေးကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်တို့အား ဆုများ ချီးမြှင့်သည်။

**ခေတ်ဟောင်း/ကာလပေါ်တေး**
**အဆိုပြိုင်ပွဲ (အမျိုးသမီး)**

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပညာရှင်အဆင့်(အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ ဒုတိယဆုရ မွန်ပြန်နယ်မှ ဒေါ်စိမ်းလဲ့လဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မထက်ထက်မော်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မမာမာအေး၊ အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ်(အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိချွန်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မကြူကြူလွင်၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မချိုဇာဟိန်းနှင့်ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ) မစပယ်ဖြူသိန်းနှင့် ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ တတိယဆုရကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆို ပြိုင်ပွဲ၌ ပထမဆုရကရင်ပြည်နယ်မှ မသဲနုအေး၊ ဒုတိယဆုရကချင်ပြည်နယ်မှ မကြည်ကြည်ဝါနှင့် တတိယဆုရစစ်ကိုင်းတိုင်းမှ မယမင်းထွန်းတို့အား ဆုများချီးမြှင့်သည်။

အဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အပြီးတွင် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရရှိသူ ကရင်ပြည်နယ်မှ မသဲနုအေးက **'ရွှေမိ'** သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

**အကပြိုင်ပွဲဆု (အမျိုးသား)**

ထို့နောက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ပညာရှင်အဆင့်(အမျိုးသား)အကပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်းမှ မောင်ကိုကိုလင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ဇေယျအောင်(ခ)ဝိုင်ယူစီကိုဇေနှင့်တတိယဆုရ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေတို့အားလည်းကောင်း၊ ပညာရှင်အဆင့်(အမျိုးသား)အကပြိုင်ပွဲ၌ ပံ့ပိုးဆိုင်းအဖွဲ့ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကိုကိုလင်းပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ဇေယျအောင်(ခ)ဝိုင်ယူစီကိုဇေ ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေ ပံ့ပိုးဆိုင်းအဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲ၌ ပထမဆုရမကွေးတိုင်းမှ မောင်ကိုကိုနိုင်(ခ)ရှိုင်းသူရ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲသူရနိုင်၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်စိုးလင်းကျော်နှင့်အထူးဆုရ ရခိုင်ပြည်နယ်မှ မောင်လှမောင်ထွန်းတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်နေဖြိုးဇင်၊ ဒုတိယဆုရကရင်ပြည်နယ်မှ မြိုင်ကြီးငှစောစိုင်းလင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်စွာမျိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့်အသက် (၁၅-၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငှစောထက်ရှိုင်း၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ချမ်းဝင်းနှင့် အထူးဆုရ မွန်ပြည်နယ်မှ မောင်ရဲလင်းထွန်းတို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) အက ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သန့်ဇင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်သူရဖွဲ့နိုင်နှင့် တတိယဆုရ ကရင်ပြည်နယ်မှမြိုင်ကြီးငှ စောထွန်းထွန်းလင်းတို့အားလည်းကောင်း၊ အခြေခံပညာ အဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှမောင်မင်းပိုင်ဇေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းမင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

**အကပြိုင်ပွဲဆုချီးမြှင့်(အမျိုးသမီး)**

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးကြီး အောင်သိန်းလင်းက ပညာရှင်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်စန်းနီလာဝင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဒေလီမြင့်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မထက်ထက်ထူးဝေတို့အားလည်းကောင်း၊ ပညာရှင်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲ၌ ပံ့ပိုးဆိုင်းအဖွဲ့၊ ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်စန်းနီလာဝင်း ပံ့ပိုးဆိုင်းအဖွဲ့၊ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဒေလီမြင့် ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှမထက်ထက်ထူးဝေ ပံ့ပိုးဆိုင်းအဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသမီး)အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်မေနှင်းဝေ၊ ဒုတိယ ဆုရ မန္တလေးတိုင်းမှမထက်ထက်လင်း(ခ) ရွှန်းလဲ့လဲ့ရည်၊ တတိယဆုရ မကွေးတိုင်းမှ မအေးအေးသီ(ခ) အီးတီနှင့် အထူးဆုရ မွန်ပြည်နယ်မှ မမွန်မွန်ချမ်းတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစန်းစန်းမော်(ခ) နှင်းအေးလှိုင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မဝိုင်းချစ်ချစ်အောင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မအေးလဲ့ဝါဝါအောင်နှင့် အထူးဆုရ ရန်ကုန်တိုင်းမှ မခင်မိမိဇော်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် (အမျိုးသမီး) အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးနန္ဒီခိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးချမ်းမြတ်ဖြိုး(ခ) ဝင့်ဖြူဖြူနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မငုဝါဝါတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ် (အမျိုးသမီး) အက ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိန္ဒြေကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ တတိယဆုရ မန္တလေးတိုင်းမှ မနွယ်နီဝင်းဝင်းကိုနှင့် အထူးဆုရ ကရင်ပြည်နယ်မှ မိသီတာဦးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသမီး)အကပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မကြည်နူးပွင့်နှင့် မန္တလေးတိုင်းမှ မစုပိုပိုအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ တတိယဆုရ ကယား ပြည်နယ်မှ မအေးမြတ်မြတ်ဖြိုး(ခ) မအေးသိမ့်သိမ့်ကျော်နှင့် အထူးဆုရ ကရင်ပြည်နယ်မှ မအိမြတ်မိုးဝေတို့ အားလည်းကောင်း၊ ဝါသနာရှင်အဆင့် ရုပ်သေး (ခေတ်နှစ်ပါးသွား) ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးအောင်သန်းဝင်းနှင့် မအေးမြတ်မြတ်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မယုသန္တာနှင့် မဇင်မာဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မနန်းအိချစ်ရာနှင့် မနှင်းဝတ်ရည်ခင်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

***စာမျက်နှာ ၈ ကော်လံ ၁ သို့***

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကြီးများက အမျိုးသားရေးတာ
# တိုင်းတစ်ပါးယဉ်ကျေးမှုဝလေ့စရိုက်ကို အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းေ

စာမျက်နှာ ၇ မှ

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရုပ်သေး(မဟော်သဓာဇာတ်တော်ကြီး)ပြိုင်ပွဲ၌ ပညာရှင်အဆင့်(အဖွဲ့လိုက်)ပထမဆုရ ရန်ကုန်တိုင်းမှ ရွှေပြည်သိဂီ်ရုပ်စုံအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ တော်ဝင်ရုပ်စုံအဖွဲ့နှင့် ဧရာဝတီတိုင်းမှ ဧရာလှိုင်းရုပ်စုံအမြင့်သဘင်အဖွဲ့၊ တတိယဆုရ မွန်ပြည်နယ်မှ မွန်ပြည်နယ်ရုပ်စုံအမြင့်သဘင်အဖွဲ့၊ ကြိုးဆွဲထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ရွှေပြည်သိဂီ်ရုပ်စုံအဖွဲ့၊ ဆိုင်ပြောထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ရွှေပြည်သိဂီ်ရုပ်စုံအဖွဲ့၊ ဆိုင်းထူးချွန်ဆုရ ရန်ကုန်တိုင်းမှ တော်ဝင်ရုပ်စုံအဖွဲ့၊ ဇာတ်ညွှန်းထူးချွန်ဆုရ ရန်ကုန်တိုင်းမှ တော်ဝင်ရုပ်စုံအဖွဲ့မှ တောင်စွန်းအောင်တိုးတို့အားလည်းကောင်း၊ ဇာတ်သဘင်(ရာမာယဏဇာတ်တော်ကြီး)ပြိုင်ပွဲ၌ ပညာရှင်အဆင့်(အဖွဲ့လိုက်) ပထမဆုရ ရန်ကုန်တိုင်းမှ သီရိရာမဇာတ်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဟာရာမဇာတ်အဖွဲ့၊ တတိယဆုရ ဧရာဝတီတိုင်းမှ ဖျာပုံနန်းတွင်း ရာမဇာတ်အဖွဲ့၊ ရာမာယဏ(မင်းသား) ထူးချွန်ဆုရ ရန်ကုန်တိုင်း မဟာရာမဇာတ်အဖွဲ့မှ ဦးရဲဝင်းနိုင်၊ လက္ခဏ(မင်းသား)ထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ ဦးသန်းထွဋ်အောင်၊ မယ်သီတာ(မင်းသမီး)ထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ ဒေါ်မြင့်မြင့်ဝင်း(ခ)ခိုင်သဇင်သင်း၊ ဒသဂီရိထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ ဦးဇော်နိုင်နှင့် ရန်ကုန်တိုင်း မဟာရာမဇာတ်အဖွဲ့မှ ဦးသန်းစိုး၊ ဟနုမာန် ထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ ဦးအောင်မြင့်၊ သမင်ထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ ဦးဝင်းဇော်ထွဋ်၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆုရ ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့မှ သီရိမောင်မောင်ဆိုင်းအဖွဲ့၊ ဇာတ်ညွှန်းထူးချွန်ဆုရ ဧရာဝတီတိုင်း ဇာတ်အဖွဲ့မှ ဦးသိန်းမြင့်(ရာမာယဏဖျာပုံ)တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး)အကပြိုင်ပွဲ၌ ထူးချွန်ဆုရရှိကြသော ရန်ကုန်တိုင်းမှ မကြည်နူးပွင့်နှင့် မန္တလေးတိုင်းမှ မစုပိုပိုအောင်တို့က အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

## အရေးပြိုင်ပွဲ

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပညာရှင်အဆင့်အရေးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးမြငြိမ်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးအောင်နိုင်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးမိုးကျော်အောင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဒေါ်မီမီအောင်၊ တတိယဆုရမွန်ပြည်နယ်မှ တက္ကသိုလ်အေးကိုနှင့် အထူးဆုရရှိကြသည့် ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်(ခ)ဟုန်းလိန်းမောင်းနှင့် ကရင်ပြည်နယ်မှ မြိုင်ကြီးငူ ဦးစောစံအေးတို့အားလည်းကောင်း၊အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ချစ်စုမာ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်၊ တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ စစ်ကိုင်းတိုင်းမှ မောင်ရာဇာဝင်းနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ မခင်မိမိမိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဖြိုးသဉ္ဇာခင်၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်း၊ တတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းမှ မောင်စိန်လွင်ကျော်နှင့် ချင်းပြည်နယ်မှ မောင်ဆန်းဇော်(ခ)ဟဲရဲမှုန်တို့အားလည်းကောင်း၊ အခြေခံပညာ



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင် ပညာရှင်အဆင့် (အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲထိုက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသား) ပတ္တလားတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စိန်ဗိုလ်ထူးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပညာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကိုကိုလင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## ခေတ္တရာအသင်းကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ခေတ္တရာအသင်း ရန်ကုန်မြို့(ပြည်၊ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)က ကြီးမှူး၍ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသအမှူးပြုသော သံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ ခေတ္တရာခြောက်မြို့နယ် မိသားစုများ တက်ရောက်ကြည်ညို ဆက်ကပ်ပူဇော်လှူဒါန်းကြရန်နှင့် ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း–၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ဦးဖေကြည် ဖုန်း–၂၈၁၃၅၇ နှင့် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း–၅၂၆၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၄–၁၁–၂၀၀၄**
**(ကြာသပတေးနေ့)**
**၁၃၆၆ ခုနှစ် သီတင်းကျွတ်**
**လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ အရေးပြိုင်ပွဲ
၈း၁၅ ၇။ အကပဒေသာ
၈း၂၅ ၈။ မင်းလှရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀ ၇။ **"သတိတစ်ချက် တစ်သက်အမှား"** (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သက်နိုင်အောင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၄၅ ၈။ တေးဂီတအစီအစဉ်
၁၈း၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၂၅)
၁၉း၃၅ ၁၄။ ရောင်ဝါထွန်းပနေလပမာ သာသနာ (သာသနာ့ရိပ်မြုံ မဟာဂန္ဓာရုံ)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာရုပ်ရှင် **"ယောက္ခမဆိုတာ တစ်ခါတုန်းကသမက်ပဲ"** (အပိုင်း–၁) (ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ မေသဥ္ဇာဦး၊ ခိုင်သင်းကြည်) [ဒါရိုက်တာ–မောင်မျိုးမင်း(ရင်တွင်းဖြစ်)]

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းအလိုက်(ရွှေ၊ငွေ၊ကြေး)ဆုရရှိမှုတန်းစီဇယား

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | အထူးဆု | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၀၃ | ၇၃ | ၄၇ | ၁ | ၂၂၄ | |
| ၂ | မန္တလေး | ၂၆ | ၃၂ | ၄၃ | – | ၁၀၁ | |
| ၃ | ရခိုင် | ၁၅ | ၁၉ | ၁၁ | ၅ | ၅၀ | |
| ၄ | ဧရာဝတီ | ၁၂ | ၁၃ | ၁၂ | – | ၃၇ | |
| ၅ | ပဲခူး | ၁၁ | ၁၂ | ၉ | – | ၃၂ | |
| ၆ | စစ်ကိုင်း | ၉ | ၁၄ | ၁၄ | – | ၃၇ | |
| ၇ | မွန် | ၅ | ၁၀ | ၅ | ၂ | ၂၂ | |
| ၈ | မကွေး | ၅ | ၁ | ၉ | – | ၁၅ | |
| ၉ | ရှမ်း | ၃ | ၅ | ၃ | ၂ | ၁၃ | |
| ၁၀ | ကချင် | ၂ | ၅ | ၇ | ၁ | ၁၅ | |
| ၁၁ | ကရင် | ၁ | ၃ | ၄ | ၅ | ၁၃ | |
| ၁၂ | ကယား | ၁ | – | ၁ | ၂ | ၄ | |
| ၁၃ | ချင်း | ၁ | – | ၁ | ၁ | ၃ | |
| ၁၄ | တနင်္သာရီ | – | ၁ | ၁ | ၁ | ၃ | |
| | **စုစုပေါင်း** | **၁၉၄** | **၁၈၈** | **၁၆၇** | **၂၀** | **၅၆၉** | |

**မှတ်ချက်။** ။ဇာတ်သရုပ်ဆောင်ထူးချွန်ဆုနှင့်ဇာတ်ပို့ဆိုင်းထူးချွန်ဆုများကို(ရွှေ)ဟု သတ်မှတ်ပါသည်။

# ျိုးသားရေးတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ များစွာအထောက်အကူပြု
# ုထိန်းသိမ်းစောင့်ရှောက်မြှင့်တင်မှုကိုယ်ခံစွမ်းအားများဖြင့်သာ တွန်းလှန်နိုင်





### ကြည့်ရှုအားပေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ခေတ်ဟောင်းနှင့်ကာလပေါ်အဆိုပြိုင်ပွဲတွင် အခြေခံပညာအဆင့် (၅–၁၀)နှစ်(အမျိုးသမီး) ပထမရရှိသော ကရင်ပြည်နယ်မှ မသဲနုအေး ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။** (မြန်မာ့အလင်း)

အဆင့် အသက်(၁၀–၁၅)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုရွက်ဝေ၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မဟန်နီနီနိုင်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘိုနှင့် အထူးဆုရ ကယားပြည်နယ်မှ မောင်ထက်မှူးခန့်ဖြိုးဝေတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဘုန်းလက်ျာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ခင်စန္ဒာမြင့်၊ တတိယဆုရ မန္တလေးတိုင်းမှ မရွှန်းလဲ့မေနှင့် အထူးဆုရ တနင်္သာရီတိုင်းမှ မောင်ရှင်းပအောင်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက်အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ ထူးချွန်ဆုရ မန္တလေးတိုင်းမှ မခင်ချစ်စုမာရေးသားသည့် ယဉ်ကျေးလိမ္မာ မျိုးမြန်မာ သီချင်းကို တူရိယာများဖြင့်တွဲဖက်၍အနုပညာရှင်များက သီဆိုဖျော်ဖြေကြသည်။

**စောင်းအတီးပြိုင်ပွဲဆုချီးမြှင့်**

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပညာရှင်အဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဦးအောင်ပြည့်စုံ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးဖြိုးဝေနိုင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)စောင်းအတီးပြိုင်ပွဲ၌ပထမဆုရ ဧရာဝတီတိုင်းမှ ဦးညီညီအောင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဦးသဲအောင်ချစ်နှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်းတို့အားလည်းကောင်း၊အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မင်းမင်းသိန်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်အောင်မျိုးထက်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ မောင်စိုင်းရဲထက်ဝင်း၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဟန်စိုးနှင့်တတိယဆုရ ပဲခူးတိုင်းမှ မောင်ကံဦးအောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးထွန်းကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်နိုင်လင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်လွင်ဝေယံမောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပညာရှင်အဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မပြုံးမြမြကြည်နှင့် ဒုတိယဆုရ တနင်္သာရီတိုင်းမှ မလွင်မာသိန်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ပထမဆုရရန်ကုန်တိုင်းမှ မတင်တင်ယု၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မအေးသီတာဝင်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မခင်မိမိမိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မရွှေယမင်းဦး၊ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မချိုမှုဝင်း၊ ပဲခူးတိုင်းမှ မချိုဇင်ထွန်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မတင်နီလာဝင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုဆုဝင်းမောင်၊ဒုတိယဆုရ ဧရာဝတီတိုင်းမှ မစုစုမြတ်နှင့်တတိယဆုရ မကွေးတိုင်းမှ မနန်းသီရိခင်ခင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မနှင်းနှင်းလှိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မနန္ဒာဝတ်ရည်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဖူးမေခင်တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

**ပတ္တလားအတီးပြိုင်ပွဲဆုချီးမြှင့်**

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပညာရှင်အဆင့်(အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ဗိုလ်သင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မကွေးတိုင်းမှ မောင်စွမ်းထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးဇေယျာထွန်းဝေနှင့် တတိယဆုရ ကချင်ပြည်နယ်မှ ဦးချစ်မောင်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်အောင်၊ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်းနှင့်တတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်အောင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စောမောင်လှိုင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စိန်ဗိုလ်ထူး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာတို့အားလည်းကောင်း၊အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦး၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုးနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်သူရဝင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

**(သတင်းစဉ်)**



### ဆုချီးမြှင့်

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပညာရှင်အဆင့် (အမျိုးသမီး)အကပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ်မှ ဒေါ်စန်းနီလာဝင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### ဖျော်ဖြေတင်ဆက်

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲ၌ ထူးချွန်ဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မကြည်နူးပွင့်နှင့် မန္တလေးတိုင်းမှ မစုပိုပိုအောင်တို့က အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။** (မြန်မာ့အလင်း)




4-11 (09).p65 2 3/28/05, 10:47 PM

# အသက်ရှည်စွာ အနာမဲ့ရေး (၅)

"မင်္ဂလာပါဆရာ"

"မင်္ဂလာပါ ဦးလေးချစ်။ ဒီနေ့တော့ ထူးထူးခြားခြား ဦးလေးဦးတင်အေးတို့ပါ ပါလာပါလား"။ "ဘိုးဘွားရိပ်သာကို သွားကြမယ်လို့ ဆရာကြိုပြောထားတာမို့ ကျွန်တော်လဲ ဒါနမှာ သဒ္ဓါအားကောင်းတဲ့ ဦးတင်အေးကို ဖိတ်လာရတာပေါ့။ သူ့သား ကိုသွင်ထူးက နိုင်ငံခြား တက္ကသိုလ်တစ်ခုမှာ ဆရာလုပ်ပြီး မိဘတွေကို ထောက်ပံ့နေတာ။ အဲဒီထောက်ပံ့ငွေတွေနဲ့ ဦးတင်အေးက ရပ်ကျိုး၊ရွာကျိုး သယ်ပိုးနေတယ်လေ။ ကျွန်တော်တို့ ဘိုးဘွားရိပ်သာသွား ဒါနပြုရအောင် ပြောတော့ သူလဲ အသက်၇ဝပြည့်နေပြီ၊ ဘိုးဘွား အရွယ်ရောက်နေတာမို့ ကောင်းပါ့မလား"တဲ့။

"ကောင်းပါတယ်ဦးလေးတို့ရာ၊ ရိပ်သာမှာ ကိုယ့်ထက်ဂုဏ်၊ ဝါကြီးပြီး ကိုယ့်လောက်ကျောထောက်နောက်ခံမကောင်းတဲ့ အစ်ကိုအရွယ်၊ ဦးလေးအရွယ်တွေကို ဂါရဝပြု၊ ဒါနပြု အားပေးစကားပြောရတာ၊ သူတို့တစ်တွေပြောတာကို နားထောင်ပေးရတာလဲ ကြီးမားတဲ့ကုသိုလ်လို့ ကျွန်တော်ထင်ပါတယ်"

"ဒါတင်ဘယ်ကမလဲဆရာ၊ သက်ကြီးစကား သက်ငယ်ကြားတဲ့၊ မှတ်သားနာယူလောက်တဲ့ သက်ရှည်ကျန်းမာဆေးနည်းလေးများလဲ ရနိုင်တာပေါ့"ဟု ဦးလေး ဦးဘချောက ပြောသည်။

ဤသို့ဖြင့် ကျွန်တော်တို့တစ်တွေ ဘိုးဘွားရိပ်သာသို့ ရောက်ခဲ့ကြသည်။ ရုံးခန်းအတွင်းသို့ ဝင်လိုက်သည်နှင့်–

- **ငါ့အားကြည်ဖြူ၊ ပြုစုသူသည်<br>ငါ့တူညီမျှ၊ ဂီလာနကို<br>ဖေးမကြင်နာ၊ ပြုစုရာ၏<br>မြတ်စွာဘုရား၊ မှာကြားခဲ့သည်<br>လူအများတို့မှတ်စေသောဝ်။**
- **ဘုရားရှင်ကို၊ ချစ်ကြည်ညိုက<br>သက်အိုကြီးမား၊ ဘိုးဘွားများကို<br>မေတ္တာပို၍၊ ရှိသေလေးမြတ်<br>လုပ်ကျွေးအပ်၏**

ဟူသော ကဗျာတစ်ပုဒ်က နှုတ်ဆက်နေသည်။

ကျွန်တော်တို့သည် အဘိုးအဘွားများအတွက် အာဟာရဒါနတစ်ရက်စာ အသီးသီး ကြိုက်ရာရက်ကို ရွေးလှူကြပြီး အားမရနိုင်ကြသေး၍ တာဝန်ခံဦးသိန်းဌေး အကူအညီဖြင့် အဘိုးအဘွားတို့အား ကိုယ်တိုင်ကိုယ်ကျ တတ်စွမ်းသမျှ တစ်ဦးချင်းဂါရဝပြု၍ ဝတ္ထုငွေလှူခွင့်ရခဲ့ကြပါသေးသည်။

"အဘ အသက်ဘယ်လောက်ရှိပါပြီလဲ ခင်ဗျ"

"၉၁နှစ်ပါခင်ဗျာ"

"ဟုတ်ရဲ့လားအဘရဲ့၊ လက်မောင်းကြွက်သားတွေ ရှိနေသေးတယ်၊ လက်ဖျံနဲ့ လက်ဖမိုးမှာလဲ အကြောတွေတွန့်လိမ်နေတာ မတွေ့ရဘူး။ အရေတွေလဲ သိပ်ပြီးတွန့်ရှုံ့မနေဘူး။ အဘကြည့်ရတာ ၆ဝကျော်ခါစလောက်ပဲ အောက်မေ့ရတယ်"

"အမှန်ပါခင်ဗျာ၊ ကျွန်တော်ဦးတင် လိမ်ညာမပြောတတ်ပါဘူး။ ရွှေပန်းတိုင် တစ်ရွာလုံး သိပါတယ်"

> နံနက်အိပ်ရာထမှာ ဘာမှမစားခင် ရေဂှက်ပျော ပုလင်းတစ်ပုလင်းကနေ နှစ်ပုလင်းအထိ နေ့စဉ် သောက်လေ့ရှိပါတယ်။ ရေက အာပေါဓာတ်ဖြစ်လို့ နှလုံးကို အေးမြစေပါတယ်၊ တေဇောဓာတ်က ထုတ်ပေးတဲ့ သွေးများကို ထပ်မံအားဖြည့်ပေးပြီး အူအတွင်း သန့်ရှင်းစေတဲ့အပြင် အူလမ်းကြောင်းအတွင်း လှုပ်ရှားနေတဲ့လေကို မှန်ကန်အောင်လုပ်ပေးပါတယ်၊ ဒီလိုအကျင့်လုပ်ပေးတော့ ဝမ်းကိုမှန်မှန် သက်စေပါတယ်၊ အသက်ကြီးလေ လိုအပ်လေပါ။

"ယုံပါတယ် အဘရယ်၊ အဘအသက် ၉၁နှစ်မှာ ဒီလောက်အထိ နုပျိုကျန်းမာအောင် ပုံမှန်စားတဲ့ဆေး၊ ပုံမှန်လုပ်တဲ့အလုပ်၊ အကျင့်အကြံရှိရင် ကျွန်တော်တို့ လိုက်နာချင်လို့ နည်းပေးလမ်းပြ ပြုပါဦးခင်ဗျာ။"

"ရပါတယ်ခင်ဗျာ၊ ကျွန်တော့်ဆေးနဲ့ အကျင့်အကြံက လွယ်လွန်းနေလို့ မယုံမှာတောင် စိုးရိမ်ရပါတယ်။ ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်နံနက်" ဆိုတာထက် **"ရေက မသုံးတတ်ရင်ဘေး၊ သုံးတတ်ရင်ဆေး၊ ဘေးဖြစ်တော့ ခဏတာ၊ ဆေးဖြစ်တော့ နှစ်တစ်ရာ"** ဆိုတဲ့စကားအတိုင်း လူတိုင်း အသက်ရှည်ဖို့ လမ်းပြထားတာပါ"

"ဟုတ်ကဲ့၊ အဘဘယ်အရွယ်ကစပြီး ရေကိုဆေးဖြစ်အောင် သုံးစွဲခဲ့တာပါလဲ ခင်ဗျ"

"ကျွန်တော် ငယ်စဉ်ကတည်းက ကျွန်တော့်အဖေအလေ့အကျင့် လုပ်ပေးခဲ့လို့ **နံနက်အိပ်ရာထမှာ ဘာမှမစားခင် ရေဂှက်ပျောပုလင်း တစ်ပုလင်းကနေ နှစ်ပုလင်းအထိ နေ့စဉ်သောက်လေ့ ရှိပါတယ်။ ရေက အာပေါဓာတ်ဖြစ်လို့ နှလုံးကို အေးမြစေပါတယ်၊ တေဇောဓာတ်က ထုတ်ပေးတဲ့ သွေးများကို ထပ်မံအားဖြည့်ပေးပြီး အူအတွင်းသန့်ရှင်း စေတဲ့အပြင် အူလမ်းကြောင်းအတွင်း လှုပ်ရှားနေတဲ့လေကို မှန်ကန်အောင် လုပ်ပေးပါတယ်၊ ဒီလိုအကျင့် လုပ်ပေးတော့ ဝမ်းကိုမှန်မှန် သက်စေပါတယ်၊ အသက်ကြီးလေ လိုအပ်လေပါပဲ"**

"ရေနွေးနဲ့ ရေအေးမှာလဲ ဓာတ်သဘောချင်းကွာခြားပါတယ်။ မူးဝေ၊ မိန်းမော၊ အော့အန်မယ်၊ ဖျားမယ်၊ ပင်ပန်းမယ်၊ နေပူကပြန်လာမယ်၊ စမြင်းထိုးမယ်ဆို ရေအေးက ပိုကောင်းပြီး ရေနွေးကတော့ အစာကြေလွယ်တယ်၊ လည်ချောင်းရှင်းတယ်၊ ဆီးရွှင်တယ်လို့ အဖေက ပြောဖူးပါတယ် ရေခပ်နွေးနွေးပေါ့၊ ကျွန်တော် ရေသောက်ရင် သာမန်အားဖြင့်တော့ လှော်ပြီးသားလက်ဖက်ခြောက်ခပ်ပြီး ရေနွေးကြမ်းပဲ သောက်လေ့ ရှိပါတယ်။ သိပ်ပင်ပန်းနွမ်းနယ်ရင်သာ ရေအေးသောက်တာပါ"

## ဒေါက်တာလွင်ကို

"နောက်အရေးကြီးတာတစ်ခုက ရေချိုးနည်းစနစ်ပါ။ ဆောင်း၁ဝ၊ နွေ၉မိုး ၇တဲ့၊ နာရီပေါ့ ခင်ဗျာ၊ ဆရာတို့သိပါတယ်။ အလုပ်မအားလို့ မိုးချုပ်မှ ရေချိုးရမယ်ဆို ရေနွေးနဲ့ ချိုးတာ၊ ရေပတ်တိုက်တာ အန္တရာယ် ကင်းပါတယ်။ ရေချိုးပြီးရင်လဲ ပူအိုက်လို့ဆိုပြီး အင်္ကျီချွတ်နေတာ မကောင်းပါဘူး။ နောက်နေပူပူကလာရင် ရေတစ်ခွက် အဝသောက်၊ ၁၅မိနစ်လောက် နားပြီးမှ ရေချိုးသင့်ပါတယ်၊ ကျွန်တော်တို့ ငယ်ငယ်က ပူလို့အိုက်လို့ ဆိုပြီး မွန်းတိမ်းပြီးစ ရေထဲဆင်းစိမ်လိုက်၊ တက်လိုက်လုပ်လို့ ချက်ချင်း ဒုက္ခရောက်တာတွေ တွေ့ခဲ့ဖူးတော့ ရေမချိုးလို့ ဒုက္ခမများပေမယ့် ရေချိုးမှားလို့ အသက်ဆုံးရှုံးတာမျိုး မဖြစ်ရအောင် လွယ်လွယ်ကူကူနဲ့ ကာကွယ်နိုင်တဲ့ သဘောရှိပါတယ်"

"ဟုတ်တယ်ခင်ဗျ၊ တစ်နှစ်က မြင်းခြံ၊ ပခုက္ကူစတဲ့ အပူပိုင်းဒေသမြို့တွေမှာ အပူလှိုင်းရိုက်လို့ ခါတိုင်းထက်ပိုပူပြီး ရေခဏခဏချိုးတဲ့ လူငယ်တွေ ဆုံးရှုံးခဲ့ရတော့၊ ရေချိုးချိန်ကို နံနက်၇နာရီမှ ၉နာရီအထိသာလို့ ကြေညာပြီး မြစ်ဆိပ်မှာတောင် ဆိုင်းဘုတ်ချိတ်ဆွဲထားရတယ်လို့ သိလိုက်ရပါတယ်"

"အဘတွေ့၊သိ၊ကြားဖူးသမျှတွေကို အသက်ကြီးပိုင်းတွေအတွက်လဲ မိန့်ပါဦးခင်ဗျ"ဟု ဦးတင်အေးက ဆိုပါသည်။

"သက်ကြီးပိုင်းတွေအတွက်တော့ အပြင်ဘက်မှာ အလွန်အေးတဲ့အခါ၊ ရေချိုးလိုစိတ်မရှိတဲ့အခါ၊ ရေနာသွားရင်းနဲ့ ရေချိုးခါနီး ချမ်းစိမ့်စိမ့်ဖြစ်တဲ့အခါ အစာစားပြီးစနဲ့ ဝမ်းပျက်၊ ဝမ်းဖော၊ ဝမ်းရောင်၊ နှာစေး၊ (နား၊ မျက်စိ၊ ခံတွင်းနာ)များရှိနေတဲ့အခါမှာ အပူငုပ်ပြီး အအေးပတ်ဖွဲ့နေတယ်လို့ သဘောပေါက်ပြီး ရေချိုးရှောင်သင့်တာပေါ့ဗျာ"

"ကျေးဇူးပါပဲအဘရယ်၊ ရေချိုးရင်ခြေထောက်ကစပြီး လောင်းရတယ်လို့ ကြားဖူးပါတယ်၊ အဘလုပ်ကိုင်တဲ့နည်းနဲ့ ကျွန်တော်တို့ကို ထပ်ပြီး ဗဟုသုတပြုပေးပါဦးခင်ဗျ"

"မှန်ပါတယ်ခင်ဗျာ၊ ရေချိုးလျှင်ခြေမျက်စိအောက်ကစလောင်း၊ နောက်ဒူးအောက်၊ နောက်ပေါင်လယ်၊ နောက်ခါး၊ တရွေ့ရွေ့အထက်တက်ပြီးမှ တစ်ကိုယ်လုံးလောင်းချိုးသင့်ပါတယ်။ ဒါမှ အပူက အောက်ကိုတဖြည်းဖြည်းဆင်းသွားတာပေါ့။ နောက်ရေချိုးပြီး သန့်တဲ့အဝတ်နဲ့ ခြောက်အောင်သုတ်၊ ချည်အင်္ကျီဝတ်၊ ရေနွေးကြမ်း၊ ကော်ဖီကြမ်း၊ ဂျင်း(ချင်း)ပြုတ်ရေ တစ်ခုခု သောက်ပြီး လေကွယ်ရာမှာ နေသင့်ပါတယ်။အသက်ကြီးလာတော့ ကိုယ်ငွေ့အားနည်းသွားတယ်ခင်ဗျာ။ ဒါကြောင့် ရံဖန်ရံခါ ရေချိုးပြီးစ ခေတ္တလဲလျောင်းပြီး စောင်ခေါင်းမြီးခြုံ၊ အပူနှပ်ပေးသင့်ပါတယ်။ ကျွန်တော်အကြောမတင် အရေသိပ်မတွန့်သေးတာ ရေသောက်၊ ရေချိုးမှန်ကန်တဲ့အတွက်ကြောင့်လားပဲ။ ဒါပေမယ့် မေ့တော့ မေ့တတ်တယ်ဗျို့၊ (ကိုယ့်ပစ္စည်းကိုယ်) အထားမှားပြီး ပစ္စည်းပျောက် ခဏခဏရှာရတယ်"

"ဟုတ်မှာပါခင်ဗျ၊ ရေကသုံးတတ်ရင် တကယ့်ဆေးကောင်းကြီး တစ်လက်ပါပဲ။ အခုလဲ အဘအသားကို ကိုင်ကြည့်ရင် ပူခြောက်ခြောက်မနေဘူး။ နောက်ပြီးအဘ ဘယ်လို ဘဝလုပ်ငန်းမျိုးနဲ့ ဖြတ်သန်းပြီး ပုံမှန် ဘယ်လေ့ကျင့်ခန်းတွေ လုပ်ပါသလဲခင်ဗျ"

"ကျွန်တော် ငယ်ငယ်ကတည်းက တောင်သူလုပ်ခဲ့တော့ ယာနဲ့အိမ် နေ့စဉ် အသွားအပြန်လမ်းလျှောက်ရင်း အလုပ်နဲ့ လက်နဲ့ပြတ်တယ်ကိုမရှိပါဘူး။ အခုတော့လုပ်နေကျလက်တွေက အလုပ်မလုပ်ရလို့ အမြဲလှုပ်နေတယ်။ နောက်ပိုင်း အသက် ၆ဝကျော်တိုင်အောင် မြို့နဲ့ရွာကို နေ့စဉ်စက်ဘီးစီးရပါတယ်။ အသွားအပြန် ခြောက်မိုင်လောက်တော့ ရှိမှာပေါ့။ ဒါလဲ ကျန်းမာရေးလုပ်ငန်းတစ်ခုလို့ ထင်မှတ်စရာပါ။ အခု ရိပ်သာရောက်တော့ တရားတစ်နာရီထိုင်၊ စင်္ကြံ တစ်နာရီလျှောက်၊ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လုပ်ကြရတော့ နှစ်နာရီစီ ဖြစ်သွားပါတော့တယ်။ ဒါလေးတွေကလဲ ကျန်းမာရေး ကောင်းတာနဲ့ ဆိုင်မယ်ထင်ပါတယ်"

"မှန်ပါတယ်ခင်ဗျ၊ တရုတ်ပြည်မှာ ဘိုးသက်ရှည်တို့ စက်ဘီးစီးကြတယ်လို့ ကြားဖူးသလို၊ အခုလဲ စာစောင်တွေထဲမှာ လမ်းလျှောက်ခြင်းသည် အသက်အရွက်အမျိုးမျိုးလွယ်ကူစွာ ဆောင်ရွက်နိုင်သော အကောင်းဆုံး အားကစားလေ့ကျင့်ခန်းဖြစ်တဲ့အပြင် နှလုံးသွေးကြောဆိုင်ရာ ရောဂါတွေ၊ သွေးတိုး၊ ဆီးချိုနဲ့ ဦးနှောက်သွေးကြော ထိခိုက်ခြင်းရောဂါတွေကို ၃ဝရာခိုင်နှုန်းမှ ၅ဝရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်း နိုင်ငံတကာ သုတေသနပညာရှင်၊ ဆေးပညာရှင်များရဲ့ မှတ်တမ်းများနဲ့ နှိုင်းယှဉ်ပြီး ဖော်ပြတာ တွေ့နေရပါတယ်"

"အဘခင်ဗျာ၊ကျွန်တော်တို့ကို အခုလိုကိုယ်တိုင်အသက်ရှည်ကျန်းမာအောင် ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတဲ့ နည်းလမ်းကောင်းတွေကို ညွှန်ပြပေးတဲ့အတွက် အထူးကျေးဇူးတင်မိပါတယ်၊ ခွင့်ပြုပါဦး"

"ကျွန်တော်ဦးတင်ကလဲ ဆရာတို့အဖွဲ့တွေ့ရတာ၊ ရင်းရင်းနှီးနှီး စကားပြောရတာ အားဆေးတစ်ခွက်၊ သက်ရှည်ကျန်းမာဆေးတစ်ခွက်လို့ ကျေးဇူးတင်ပါတယ်ဗျာ။"

အဘိုး ဦးတင်ကို နှုတ်ဆက်ပြီး–

အဘွားများအဆောင်သို့လဲ ဝင်ခဲ့ပါသေးသည်။

"အမေညွှန့် အသက်ဘယ်လောက်ရှိပါပြီလဲခင်ဗျ"

"၉၃နှစ်ပါရှင်"

"အမေ နားမလေးသေးဘူးနော်"

"ဟုတ်ကဲ့ပါ၊ ကျွန်မ နားလဲမလေးပါဘူး၊မျက်စိလဲမမှုန်ပါဘူး။ ဟဲ–ဟဲ။ ဘွား–လေးတော့"ဟု ရယ်မောပြီးပြောပါသည်။ အဘွား ညွှန့်မှာ အမြဲပြုံးနေပြီး ဟက်ဟက်ပက်ပက် ရယ်ရယ်မောမောပြောဆိုလေ့ရှိပုံပေါ်ပါသည်။

"အမေ အသက် ၉ဝ ကျော်တာတောင် ပါးရေသိပ်မတွန့်ဘူး၊ မျက်စိမမှုန်ဘူး၊ နားမထိုင်းဘူးနော်။ အမေငယ်ငယ်တုန်းကတည်းက စားခဲ့တဲ့ဆေးနဲ့ နေထိုင်ကျင့်ကြံပုံလေးတွေ ကျွန်တော်တို့ကို ရှင်းပြပါလား"

"ကျွန်မ ဘာဆေးမှမစားပါဘူး။ ဟိုး–ငယ်ငယ်တုန်းကတော့ နေမကောင်းရင် ကုလားဆရာဝန်ကြီးတွေက ဆေးထိုးပေးဖူးပါတယ်။ နှစ်ချောင်းသုံးချောင်းဆိုရင် နေကောင်းသွားတာပါပဲ။ ပုံမှန်လုပ်တဲ့အလုပ် ကျန်းမာရေးနဲ့ ဆိုင်မယ်ထင်တာကတော့ ကျွန်မအမေက အလေ့အကျင့်လုပ်ပြီး သင်ပေးတာလေးရှိပါတယ်။ မျက်စိမှာရေ နားမှာဆီ၊ ဒန္တီမှာဆား၊ ဝမ်းမှာခါးတဲ့" ကျွန်မမျက်နှာသစ်တိုင်း ရေကိုလက်ခုပ်နဲ့ယူ၊ မျက်စိကိုကပ်ပြီး အဖွင့်အပိတ်ခုနစ်ကြိမ်လုပ်ပါတယ်။ ဒါကြောင့်များလား မသိဘူး၊ အခုထိ စာဖတ်လို့ရသေးတယ်။ အဝေးကတော့ မှုန်ဝါးဝါးပေါ့"

"နားကိုလဲပဲ နှမ်းဆီစစ်စစ်လေးနဲ့ ခပ်ဖွဖွလေး ကြပ်ပေးပါတယ်။ နားကတော့ အခုထိကောင်းဆဲပါ၊ သွားတိုက်တော့ ဆားနဲ့တိုက်လိုက်၊ ပြာနဲ့ မီးသွေးနဲ့ တိုက်လိုက်ပါပဲ။ ကျွန်မက အစားလဲကြိုက်တာကို၊ ဒါ့ကြောင့် သွားတွေ–ဟဲ–ဟဲ...မကောင်းတော့တာထင်ပါတယ်။ ဟိုတစ်နေ့က သွားဆရာဝန် လာပြောတော့မှ ညသွားတိုက်အိပ်ဖို့နဲ့ နံနက်စာစားပြီးရင် သွားတိုက်ဖို့သိတော့တာပါ။ သွားတိုက်ရင်လဲ အထက်အောက်တိုက်ရတယ်ဆိုပါပဲ။ အခုမှ သိတာ၊ သိတော့တိုက်စရာသွားက မရှိတော့ဘူး...ဟဲ–ဟဲ"

"ပြီးတော့ကျွန်မအမေက တစ်ပတ်တစ်ခါ ဟင်းခါးချက်စားဖို့ ပြောပါတယ်။ ဝမ်းကောင်းအောင်တဲ့။ ငယ်ငယ်ကတော့ ဝမ်းသွားဖို့ကိစ္စ အရေးကြီးတယ် မထင်ခဲ့ပါဘူး၊ အခုတော့ 'တေဆေး'ကို အမြဲလက်ကိုင် ထားရမလိုဖြစ်နေပါပြီ။ လမ်းလျှောက်နည်းတဲ့နေ့ဆို ဝမ်းဗိုက်မအီမသာဖြစ်တတ်တယ်"

"အမေရဲ့ ဝါသနာနဲ့ စိတ်ထားပုံကိုလဲ သိပါရစေ"

"ကျွန်မကသီချင်းဆိုဝါသနာပါတယ်။ အောင်ခြင်းရှစ်ပါး ကျွန်မအမြဲဆိုလေ့ရှိတယ်။ အခုတော့အသံထွက်မဆိုတော့ပါဘူး၊ တိုးတိုးလေးနဲ့ စိတ်ထဲကပဲ။ နောက်ပြီး ကျွန်မငယ်ငယ်က မိဘတွေပြောလေ့ရှိပါတယ်။ ညည်းက မာနကိုမရှိဘူး။ မနာလိုဝန်တိုစိတ်လဲ ကင်းတယ်။ စိတ်လဲ မကောက်တတ်ဘူး၊ အရူးမတဲ့။ ဟုတ်တယ်လေ၊ ဒါတွေက ဘာမှန်းလဲ ကျွန်မ မသိပါဘူး။

"ကျွန်တော့်အထင်တော့ အမေက လေ့ကျင့်မယူရဘဲနဲ့ မုဒိတာစိတ်ပင်ကိုရှိနေပုံပေါ်ပါတယ်။ **သူတစ်ပါး အပေါ်မှာ မုဒိတာပွားဖို့ဆိုတာ သိပ်တော့ မလွယ်လှပါဘူး။ ကိုယ့် တစ်အူထုံ့ဆင်း မောင်နှမသားချင်းတွေတောင် အပြန်အလှန် မနာလိုဖြစ်တတ်ကြတဲ့ လောကကြီးမှာ အမေ့ရဲ့ မုဒိတာစိတ်က မျက်နှာကို အရေမတွန့်၊ အစင်းကြောင်း မပေါ်စေတာဖြစ်မှာပါ"**

"အမေရေ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ အောင်ခြင်းရှစ်ပါးသီချင်းဆိုသံ ဘယ်ကကြားကြား အမေညွှန့် ဆိုနေတာပဲလို့ မှတ်ယူပြီး ကျွန်တော်တို့ နားထောင်လိုက်ပါ့မယ်"

"ကျွန်မတို့ကို ယခုလို အရေးတယူလာပြီး စကားပြော၊ မုန့်ဖိုးပေးတာ ကျေးဇူးတင်ပါတယ်" ဟု ပြောရင်း––

ကျွန်တော်တို့ ကန်တော့သည့်ငွေကို မုန့်ဖိုးအမှတ်ဖြင့် အတွင်းခံအင်္ကျီအိတ်တွင်းထဲသို့ တုန်ရီစွာထည့်နေသော အမေညွှန့်အတွက် မုန့်ဝယ်စားစရာဆိုင်၊ ဤရိပ်သာဝင်းအတွင်း မရှိပါ။ သို့သော် ဤအနည်းငယ်သော ငွေပမာဏသည် သူ့အိတ်ထဲတွင် ရှိနေပြီး လိုသောအခါ သုံးရန်ဟူသော အင်အားကြီးတစ်ခုအဖြစ် သူ့စိတ်ကို လုံခြုံမှုပေးစွမ်းနေပါလိမ့်မည်။

ကျွန်တော်တို့ စုပေါင်း၍ အဘိုးအဘွား ၃၂ဦးအား ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းပြီးသောအခါ ဘိုးဘွားတို့တစ်တွေ ပြိုင်တူရွတ်ဆိုနေသော မင်္ဂလာဆုတောင်း စကားများကို အပြန်လမ်းတစ်လျှောက်တွင် ကြားယောင်နေဆဲဖြစ်ပါသတည်း။ ။

အောက်တိုဘာ ၂၅ရက်က ရွှေပြည်သာမြို့ တံတားကြီး (၉) ရပ်ကွက်နေ ဦးတင်ထွန်း–ဒေါ်ခင်သန်းနွယ်၊သား မောင်ဖြိုးဝေထွန်း၊ သမီး မခင်စန္ဒီထွန်းမိသားစုတို့က နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (က–ပ)



အောက်တိုဘာ ၂၇ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) (၁ဝ၇) ရပ်ကွက် နန်းဦး ဘုန်းတော်ကြီး သင်ပညာရေးကျောင်းတွင် အာစရိယပူဇော်ပွဲ၊ အာဟာရဒါနလှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ သောဘိတ (ဓမ္မာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ) က ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)





သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေပုံတောင်ဝန်းကျင်စိမ်းလန်းရန် သစ်ပင်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောစိုက်ခင်းများနှင့်သစ်စက်များစစ်ဆေး စိုက်ပျိုးသစ်ပင်များ ထိန်းသိမ်းရေးနှင့်ဖြည့်တင်းစိုက်ပျိုးရေး မှာကြား

ရန်ကုန် နိုဝင်ဘာ ၃

**သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ ရွာသာပျိုးဥယျာဉ်သို့ရောက်ရှိပြီး သက်ရင့်ပျိုးပင်များ၊ညောင်ပင်များ ပျိုးထောင်ထားရှိမှုနှင့် ပျိုးထုတ်ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် ဖလံကျင်းကျေးရွာအနီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖလံကျင်းနှင့် ဇရပ်ကုန်းကျေးရွာတစ်ဝိုက်ရှိ သစ်ဆိမ့်စိုက်ခင်း၊ သဘာဝတောထိန်းသိမ်းခြင်းနှင့်ငါ့လင်းပုတ်တောင် စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်ဦးမြို့နယ် တုရင်တောင်တန်းရှိ စွယ်တော်တောင်တန်းသို့ ရောက်ရှိပြီး နုန်းတားဆည်များပြုလုပ်၍ သစ်ပိုင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၃၁ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ကျောက်ကူး ကာကွယ်တောရှိ ကြက်ဆူကြီးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်တော အတွင်းရှိ ဂျပန်ကျောင်းသား ကျောင်းသူများစိုက်ခင်း၊ ကြက်ဆူကြီး စိုက်ခင်းနှင့် ဧရာဝတီမြစ်မှ ရေရရှိရေး ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွှေပုံတောင်တမာစိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် တမာစိုက်ခင်းရှိ ရှုရပ်မျှော်စင်နေရာသို့လည်းကောင်း၊ ကုန်းအမှတ်-၀၂၃ သို့လည်းကောင်း သွားရောက်ပြီး တမာပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ပုပ္ပားတောင်မကြီးသို့ ရောက်ရှိပြီး ပုပ္ပားတောင် တစ်ဝိုက် သစ်ပင်များ ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရေနံချောင်းမြို့နယ် ဖန်ခါးစိမ်းဒေသ စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက သဘာဝတောများ ထိန်းသိမ်းထားရှိမှုနှင့် ယူကလစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စိုက်ပျိုးသစ်ပင်များ ထိန်းသိမ်းရေး၊ မအောင်မြင်သည့် နေရာများတွင် ထပ်မံဖြည့်တင်း စိုက်ပျိုးရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့ရှိ အမှတ်(၉၅) သစ်စက်ကိုလည်းကောင်း၊မွန်းလွဲပိုင်းတွင်အောင်လံမြို့ရှိ အမှတ်(၉၆)သစ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါးလုပ်ငန်းအဖွဲ့ချုပ်လုပ်ငန်းရှင်များ အသင်းဖွဲ့စည်းရေးအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကို နိုဝင်ဘာ ၂ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက အသင်းများဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းများရန်ပုံငွေအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့က လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့ကကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကင်းအထက(၁)မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကင်းမြို့နယ် အထက(၁)တွင် ၁၉၆၂-၁၉၇၅ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ကြ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာဆရာမကြီး ၁၀၀တို့အား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယင်းကျောင်းရှိ သီရိရတနာခန်းမ၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက် မွန်းလွဲ ၁နာရီတွင် ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူငယ်ပေါင်းသူငယ်ချင်းများ ဖိတ်စာမရရှိလျှင်လည်း စုံစုံညီညီတက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပူဇော်ပွဲကော်မတီမှ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၀-၁၂၆၉၂၊ ဦးအောင်ချို(ခ)ချိုလေး ဖုန်း-၃၈၄၆၀၄၊ ဦးဇေယျကို ဖုန်း-၆၆၆၈၉၅၊ ဒေါ်ခင်မမ ဖုန်း-၂၅၀၉၀၉၊ ဒေါ်ရှုဝါ ဖုန်း-၅၅၄၁၀၉၊ ဒေါ်ခင်မြသက် ဖုန်း-၂၀၀၀၂၈နှင့် ဒေါ်မေကြူအုန်း ဖုန်း-၅၄၁၇၁၉တို့သို့ ဆက်သွယ်၍ ဆရာ ဆရာမကြီးနှင့် ငယ်ပေါင်းသူငယ်ချင်းများ၏ အမည် လိပ်စာများပေးပို့ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ကာကွယ်ရေးဝန်ကြီးဌာနပင်စင်လစာ ဒီပါဝလီနေ့တွင်ထုတ်ပေးမည်မဟုတ်

**ရန်ကုန် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၁၂ရက် (သောကြာနေ့)သည် ဒီပါဝလီနေ့(အများပြည်သူရုံးပိတ်ရက်)ဖြစ်သဖြင့် ၎င်းနေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး၌ ပင်စင်လစာငွေများထုတ်ပေးမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာမကြီး ဒေါ်တင်လှိုင်(စူပါအေဝမ်း)အား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၇ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူအဟောင်းနှင့်အသစ်များတက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၁၁၂၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ရဲတပ်သားသစ်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၁၉၄)သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ၂၉ရက်က အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းအနောက်ပိုင်းခရိုင်မှူး ဒုရဲမှူးကြီး ထွန်းဝင်း၊ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးဝင်းခိုင်၊ဒုတိယကျောင်းအုပ်ကြီး၊ ဦးစီးအရာရှိများ၊ နည်းပြများ၊ သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

**ချီးမြှင့်**

စံပြကျောင်းသားဆုကို ကသ-၅၈ နိုင်လင်း၊ဥပဒေထူးချွန်ဆုကို ကသ-၂၁၆ တင်ကိုထွန်း၊ စစ်ပညာထူးချွန်ဆုကို ကသ-၉၆ နေလှိုင်ဦး၊ ရဲကျင့်ဝတ် ထူးချွန်ဆုကို ကသ-၈၀ အောင်ကိုလင်း၊ သေနတ်ပစ် အကောင်းဆုံးဆုကို ကသ-၁၂ မင်းမင်းတို့က ရရှိခဲ့ကြပြီး ဆုများကို စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆင့်မြင့်တန်းပတ်လည် ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ်စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပတ္တမြားနဂါးအသင်းက စွမ်းအင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

အုပ်စု(ဂ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ တံခွန်အသင်းက နှစ်ပွဲနိုင် ၆ မှတ်ဖြင့် အုပ်စုပထမ၊ ပတ္တမြားနဂါးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ၃မှတ်ဖြင့်အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့်သို့တက်ရောက်သွားသည်။စွမ်းအင်အသင်းက နှစ်ပွဲရှုံးအမှတ်မရဘဲ ပြိုင်ပွဲမှထွက်သွားရသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၄ ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပျူခေတ်ရှေးဟောင်းပစ္စည်းများလာရောက်အပ်နှံ

**ရန်ကုန် နိုဝင်ဘာ ၃**

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာနေ ဦးကံမြင့်၊ ဦးဖိုကို၊ ဦးသိန်းအောင်နှင့် မောင်ဇော်ဌေးတို့သည် ကျည်တောင်ကျေးရွာအရှေ့ဘက် ပိုက်ကင်းစမ်းချောင်း အနီး ဖုန်းဆိုးမြေတွင် ရွှေစမ်းသပ်ရှာဖွေရာမှ တွေ့ရှိခဲ့သော ပျူခေတ်ငွေဒင်္ဂါး ၁၃ပြား၊ သတ္တုစပ်လက်ကောက်တစ်ကွင်း၊ ဆင်ရုပ်ပါ သလင်းကျောက်အညို ရွှေကွပ်ထားသည့် လက်စွပ်တစ်ကွင်း၊ ဆင်ရုပ်ပါသလင်း ကျောက်တစ်လုံးနှင့် ငွေနားတောင်း အကျိုးတစ်ဖက်တို့ကို နိုဝင်ဘာ ၂ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ တာဝန်သိစွာဖြင့် လာရောက်အပ်နှံသည်။**(အောက်ပုံ)** လာရောက်အပ်နှံသော ရှေးဟောင်းပစ္စည်းများမှာ ပျူခေတ်ရှေးဟောင်း ပစ္စည်းများ ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများကို တာဝန်သိစွာဖြင့် လာရောက်အပ်နှံသူများအား ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဂုဏ်ပြုဆုငွေချီးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် အဆင့်မြင့်ရေး ဆောင်ရွက်နေမှု စစ်ဆေး



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် အဆင့်မြင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် နိုဝင်ဘာ ၃

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ လမ်းများကောင်းမွန်စေရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။**

### ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရှေးဦးစွာ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့လွှတ်တော်ရှေ့သို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းတစ်လျှောက် အကျယ် ၁၀ ပေ၊ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများခင်းကျင်းနေမှု၊ ကပ်တုံးနှင့် ရေဆင်းပေါက်များပြုလုပ်နေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင် သာယာလှပစေရေး၊ ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကန်ပတ်လမ်း လူသွားစင်္ကြံကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းနေမှုနှင့် ကန်ပတ်လမ်း၊အထက်ပန်းဆိုးတန်းလမ်းအနီး နိုင်လွန်ကတ္တရာထပ်ပိုးခင်းကျင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မြောက်ဥက္ကလာပမြို့နယ်ရှိ လခြမ်းအဝိုင်းကို ယာဉ်သွားလာမှုအဆင်ပြေစေရေး၊ ယာဉ်ထိခိုက်မှုအန္တရာယ် ကင်းဝေးစေရေးတို့အတွက် ခေမာသီလမ်းအဝင်ကို အကျယ် ၄၈ ပေ၊ စက်မှုလက်မှုလမ်းအဝင်ကို အကျယ် ၄၈ ပေနှင့် သုခမ္မာလမ်းမကြီး အကျယ် ၇၂ ပေ ဖောက်လုပ်နေမှုလုပ်ငန်းခွင်သို့သွားရောက်ပြီး နိုင်လွန်ကတ္တရာခင်းကျင်းနေမှုနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းများ စနစ်တကျရှိစေရေး၊ အရည်အသွေး စံချိန်စံညွှန်း ကောင်းမွန်အောင် စေတနာထား လုပ်ဆောင်ရေးနှင့် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၁ ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့်အတူ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်တည်ဆောက်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ အဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**
(ဘဏ္ဍာ/အခွန်)

# တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပုသိမ်-ချောင်းသာလမ်းနှင့် တံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ပုသိမ်-ချောင်းသာလမ်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများကို နိုဝင်ဘာ ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

### ကြည့်ရှုစစ်ဆေး

တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ရှေးဦးစွာ ပုသိမ်တံတား ကမ်းနီဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ တံတားအမှတ်(၁/၂) မောင်ဘိဝ တံတားသို့ ရောက်ရှိ၍ တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

### ပါရှိမည်

မောင်ဘိဝ တံတားသည် ပေ ၁၈၀ အရှည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၃ ပေစီပါရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပုသိမ်-ချောင်းသာလမ်း ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကိုလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီတဂူဆရာတော်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းသင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက် ရတနာမြေမွှာရုံ ဆွမ်းအောင်ပွဲနှင့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) ဦးဆောင် တည်ဆောက်လျက်ရှိသော ဗုဒ္ဓတက္ကသိုလ် သဒ္ဓမ္မဇောတိက မဟာသိမ်တော်ကြီးအတွက် တရားပွဲကို သုဝဏ္ဏ (၂၄)ရပ်ကွက် ရတနာမြေမွှာရုံတွင် နိုဝင်ဘာ၅ရက် ည ၇နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

**အောက်တိုဘာ ၂၇ ရက်ကလူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂) မူလတန်းကြိုကျောင်း ဒဂုံမြို့နယ် ကျောင်းခန်းမဆောင်၌ ကျင်းပသော သားငယ်သမီးငယ်တို့၏ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် အငယ်ဆင့်'ဆေးရောင်ခြယ်'ပထမဆုရ မောင်စိုးစည်းစိမ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း ဆုချီးမြှင့်စဉ်။** (က-ပ)




**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၉၉၉၆ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**


# စာရေးဝန်ထမ်း မွမ်းမံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ဌာနမှူးများ၊ ခရိုင်မှူးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို ပေးအပ်သည်။ **(သတင်းစဉ်)**

**အောက်တိုဘာ ၂၉ ရက်က စမ်းချောင်းမြို့နယ် အမက(၁၆)တွင် အလှူငွေ ပေးအပ်ပွဲ ကျင်းပရာ အမှတ်(၁၈) ရှမ်းကုန်းလမ်းနေ ဦးကျော်ဝင်းမောင်နှင့် ဇနီးဒေါ်မြမြစန်းတို့က ကျောင်းသွပ်မိုးပြင်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင်နာယက ဦးသာဒင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးမြတ်ထိုက်တို့သို့ ပေးအပ်လှူဒါန်းစဉ်။**
(မြို့နယ် ပြန်/ဆက်)





ဗဟိုအလုပ်အမှုဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စုပေါင်းဘုံကထိန်ပွဲ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (လယ်ယာ/ဆည်မြောင်း)

## စပါးမျိုးများ မျိုးပွားရေးနှင့်ရွေးချယ်စိုက်ပျိုးရေး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင် ဒေသခံများနှင့်ညှိနှိုင်းစီစဉ်

ရန်ကုန် နိုဝင်ဘာ ၃

**ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စုပေါင်းဘုံကထိန်ကို နိုဝင်ဘာ ၁ ရက်က ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော်စေတီရင်ပြင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ဌာနဆိုင်ရာများ၊ ပြည်နယ်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။**

### ဆက်ကပ်လှူဒါန်း

စုပေါင်းဘုံကထိန်တွင် မြို့နယ်သံဃနာယကဆရာတော် အမှူးပြုသော ပေါက်တောပြင်၊ ဂူဝ၊ အာစိန္နာရာမ၊ ကွမ်းတောင်၊ အလယ်ကျွန်း၊ ဓမ္မစကြာ ကျောင်းများမှ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူကန်ကျေးရွာ မိုးစပါးစံပြကွက်နှင့် စစ်တွေမြို့ ကျားမသောက်ကျေးရွာ မိုးစပါးစိုက်ခင်းများကိုလည်းကောင်း၊ စစ်တွေမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးသန့်ခြံသို့လည်းကောင်း သွားရောက်စစ်ဆေးပြီး ပန်းတိုင်အထွက်နှုန်းတင်း၁၀၀အထက် ထွက်နိုင်သော စပါးမျိုးများကို စပါးပညာရှင်များနှင့်အတူ ရွေးချယ်သည်။

ရခိုင်ပြည်နယ်၌ ကျော်ဇေယျနှင့် မနောသုခစပါးမျိုးများမှာ တင်း၁၀၀ အထက်ထွက်ရှိနိုင်ကြောင်း၊ ရွှေနံ့သာ(၈)၊ ရွှေမြန်မာနှင့် အမ်အာ(၈)စပါးမျိုးများမှာ အလားအလာကောင်းသော စပါးမျိုးများဖြစ်ကြောင်းတွေ့ရှိရသည်။ ဒုတိယဝန်ကြီးသည် အဆိုပါစပါးမျိုးများကို မျိုးပွားရေးနှင့် ရွေးချယ်စိုက်ပျိုးရေးတို့ကို ဒေသခံများနှင့် ညှိနှိုင်းစီစဉ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များတွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၃**

(၆)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ညီလာခံကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံအတွက်(၆)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန်ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

## နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲ၇၁၇တွဲနှင့် ကျောက်မျက်အတွဲ၅၃တွဲရောင်းချရ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ပဉ္စမနေ့အဖြစ် ယနေ့နံနက်၉နာရီမှစတင်၍ ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ မွန်းလွဲ၂နာရီ မိနစ်၅၀တွင် ကျောက်မျက်အတွဲပေါင်း၂၆တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။ ယမန်နေ့နှင့် ယနေ့ နှစ်ရက်ပေါင်း ကျောက်မျက်၅၃တွဲ ရောင်းချပြီးစီးသွားသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲစုစုပေါင်း ၇၁၇တွဲ၊ ကျောက်မျက်အတွဲပေါင်း ၅၃တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဝယ်ယူကြသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ကျောက်မျက်အတွဲများကို တန်ဖိုးအများဆုံးဝယ်ယူသည့်ရတနာကုန်သည်တစ်ဦးအား ဂုဏ်ပြုအမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

နိုဝင်ဘာ၄ရက်တွင် ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၂ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် မမေသန်းကြွယ် အမှတ်၁၄၂ ပင်လုံလမ်း (၃၂)ရပ်ကွက် ဆက်သွယ်ရေး မြောက်ဒဂုံမှ အက်ဖ်အီးစီ ၁၀၀ ကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)**

## ကျေးလက်အကျိုး အစဉ်သယ်ပိုးမှာ ဒို့ကျေးရွာ သိမှတ်စရာ အစုံပါ၊ ဖတ်ပါ မှတ်ပါ ဒို့ကျေးရွာ

ပေဒင်၊ ရုပ်ရှင်၊ မိုးလေဝသ၊ ဒီဗွီဒီ၊ စကားပုံ၊ ဆောင်းပါး၊ သတင်း၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ အမေးအဖြေ၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုး ရေး၊ သိစရာ၊ မှတ်စရာ၊ ဖတ်စရာ၊ ပျော်စရာ ကျေးရွာပြည်သူအတွက် သီးသန့်ဂျာနယ်။

## စုပေါင်းဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ကျောက်ဖြူမြို့နယ် ဆင်ဘုတ်(၆) အုပ်စုသာရေးနာရေးအသင်း(ရန်ကုန်)၏ ပထမအကြိမ်စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ၈ရက်(သီတင်းကျွတ်လပြည့်ကျော်၁၁ရက်) နံနက်ပိုင်းတွင် တောင်ဥက္ကလာပရှိ ဝိဇ္ဇာသိပ္ပံဘုန်းကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားအားလုံး တက်ရောက်ကြရန်နှင့် အမှုဆောင်ဦးနိုင်ဝင်း(ခ) ဦးခင်ထွန်းမောင် ဖုန်း–၆၆၀၈၅၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

## ဘုံကထိန်လျာသင်္ကန်း လှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၅) ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်) တနင်္ဂနွေနေ့တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် ဩဝါဒခံသာသနာ့ဗိမာန်ရိပ်သာ၌ သာသနာ့နုဂ္ဂဟအဖွဲ့နှင့် စေတနာရှင်များက စုပေါင်းကျင်းပကြမည်ဖြစ်သည်။

အလှူရှင်များကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားပြီး သာသနာ့ဗိမာန် ယောဂီများ၊ အလှူရှင်များ ပါဝင်ကုသိုလ်ရယူလှူဒါန်းနိုင်ရန် သာသနာ့နုဂ္ဂဟအဖွဲ့ရုံး ဖုန်း– ၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး သာသနာ့ဗိမာန်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ)က တရားဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

**မိခင်ကြီးဒေါ်အေးညိမ်နှင့် ခင်ပွန်းဦးမောင်မောင်တို့အားရည်စူး၍ အမှတ်၁၆(က) စည်သူလမ်း (၁၁)ရပ်ကွက် သုံးခွမြို့နေ ဒေါ်ဆွဲမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေ ကျပ်သုံးသိန်းကို စက်တင်ဘာ၂၅ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းစိန်က လက်ခံယူစဉ်။ (က–ပ)**



## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက–

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## မြဝတီသာသနာ့ရိပ်သာ ကထိန်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ (၁၃)ကြိမ်မြောက်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကိုတန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ၂၆ရက်)သောကြာနေ့နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်၂၀၀၀၊ စီဝိုင်စီသင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်၃၀၀၀၊ ခေါက်ထီးတစ်လက် ကျပ်၅၀၀၊ ဖိနပ်တစ်ရန် ကျပ်၃၀၀နှင့်ဆေးဝါးစသော ပစ္စည်းလေးပါးကိုဖြစ်စေ၊ ဆွမ်းပဒေသာပင်၊ ငွေပဒေသာပင်များလှူဒါန်းလိုပါက မြဝတီသာသနာ့ရိပ်သာ ဖုန်း–၅၇၂၆၆၄သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## ကျိုက်မရောအထက မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၃**

ကျိုက်မရောအထကတွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်ယူခဲ့ကြသော ဆရာဆရာမများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယင်းကျောင်းရှိ ပညာအားမာန်ခန်းမ၌ ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပ မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် သက်ပြည့်ပင်စင်ယူသွားသော ဆရာ ဆရာမများ၏အမည်စာရင်းများကို နီးစပ်ရာကျောင်းသား ကျောင်းသူဟောင်းများက ကျိုက်မရောအထကသို့ ပေးပို့ပြီး အလှူငွေများကို ရန်ကုန်မြို့ ကျိုက်မရောမြို့နယ်အသင်း ဖုန်း–၀၁–၇၀၅၈၁၅၊ ဒုတိယဗိုလ်မှူးကြီးမောင်နီ(ငြိမ်း) တောင်ပိုင်းရပ် မော်လမြိုင်မြို့၊ ဒေါ်ခင်စောမြင့်(ရွှေမဟာကဖီး)အထက ကျိုက်မရောတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

## စက်ရေတွင်းများထိန်းသိမ်းရေး သင်တန်းဖွင့်

**နွားထိုးကြီး အောက်တိုဘာ ၂၃**

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၄၅ရွာမှ သင်တန်းသား ၆၉ ဦးတို့အား မြို့နယ်အတွင်း၌ တူးဖော်သော စက်ရေတွင်းများထိန်းသိမ်းရေးသင်တန်းကိုအောက်တိုဘာ ၁၆ ရက်က မြို့နယ်ခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

**သင်ကြားပေး**

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်နိုင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က အမှာစကားပြောကြားကြပြီး အငယ်တန်းအင်ဂျင်နီယာ(၂)ဦးတင်မောင်အေးနှင့် အင်ဂျင်နီယာများက ပြုပြင်ထိန်းသိမ်းနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးကြသည်။

**(နယ်စပ်/စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ





**ရန်ကုန် တောင်ပိုင်းခရိုင် အတွင်း မှုခင်းကျဆင်းရေးနှင့် မှုခင်းအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက်က တွံတေးမြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင် ပညာပေး ဟောပြောစဉ်။**(ခရိုင်ပြန်/ဆက်)

## မန္တလေးခရိုင် စာကြည့်တိုက်များအသုံးပြုရန် မန္တလေးလမ်းညွှန်စာအုပ်များလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မန္တလေးခရိုင်ရုံးသို့ မန္တလေး လမ်းညွှန်စီစဉ်ထုတ်ဝေရေး လုပ်ငန်းအဖွဲ့က မန္တလေး လမ်းညွှန်စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်က မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးလမ်းညွှန်စီစဉ်ထုတ်ဝေရေးလုပ်ငန်းအဖွဲ့ကိုယ်စား မန်နေဂျာ ဦးသိုက်ဆန်းကမန္တလေးခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် မန္တလေးလမ်းညွှန်စာအုပ်များ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၁၉၅၀၀၀ တန်ဖိုးရှိ မန္တလေးလမ်းညွှန် စာအုပ် ၄၅၀ ကို မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်ထံသို့ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ထို့နောက် မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မြို့မစာကြည့်တိုက်ဖွင့်

**ပေါင်းတည် အောက်တိုဘာ ၁၆**

သဲကုန်းမြို့နယ် ကိုယ့်အားကိုယ်ကိုး မြို့မစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်ကကျင်းပရာ သဲကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကြင်ရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစောမျိုးချစ်တို့က ကိုယ့်အားကိုယ်ကိုး မြို့မစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးကြင်ရွှေနှင့် မြို့နယ်ဦးစီးမှူး ဦးစောမျိုးချစ်တို့က ကိုယ့်အားကိုယ်ကိုး မြို့မစာကြည့်တိုက် အရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက စာအုပ် ၂၀၀ကျော်ကို စာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအုံ့မောင်သို့ ပေးအပ်လှူဒါန်းကြသည်။ **(၃၃၁)**



**အောက်တိုဘာ ၁၈ ရက်က ငပုတောမြို့နယ် ကတ္တရာကျေးရွာ သောက်သုံးရေကန်ကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂-မြို့ပြ) ဦးသူရလွင်တို့ ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ခြံစည်းရိုး ကာရံရေးအတွက် ကွင်းဆင်းကြည့်ရှုဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ရပ်စောက်မြို့နယ် မြို့ပတ်လမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ထင်က ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်စောနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးတဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (က-ပ)



## မြန်မာ့အသံ

**၅-၁၁-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (စာရေးကိရိယာနှင့်အင်ဂျင်နီယာ ပုံဆွဲကိရိယာများအကြောင်း)

၁၁း၃၅ သုတရေးရာဖြေကြားလွှာ

၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အကြွေးမတောင်းတတ်သောအမေ)

၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း(အချိုပေါ့ရမယ့်အချစ်)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)ချစ်ရာရောက်ပါစေ(ခေါင်းကြီး) (၂)နှစ်ရာမရောက်စေချင် (ဆောင်းပါးသရုပ်ဖော်)

၁၈း၁၅ သုခ၏မင်္ဂလာသုတ်အဖွင့်အပိုင်း(၂၀)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာမြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဒုတိယပိုင်း)(မောင်ဆုရှင်)

၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးနဝေ-ကာလပေါ်အဖွဲ့)

## မော်လမြိုင်ကျွန်းမြို့နယ် ဥက္ကာဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။ ကွင်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က ကွင်းဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကွင်းဖွင့်ပွဲအဖြစ် ဝဲချောင်းကျေးရွာ ဘောလုံးအသင်းနှင့် ကျွဲခြံချောင်းဖျားကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **(၀၉၇)**



## အိုင်အိုဒင်းပါဝင်မှု စစ်ဆေး

**မိုးကောင်း အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)ဦးအောင်ဆွေ ခေါင်းဆောင်၍ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဈေးအကျိုးဆောင်အဖွဲ့ဝင်များ စက်တင်ဘာ ၂၂ ရက်နံနက်က မိုးကောင်းမြို့ စည်ပင်သာယာဈေးရှိ အိုင်အိုဒင်းဆား ရောင်းချသောဈေးဆိုင်များနှင့် မြို့ပေါ်ရှိ ဆားသိုလှောင်ရုံများသို့သွားရောက်၍ အိုင်အိုဒင်းပါဝင်မှု ကြည့်ရှုစစ်ဆေးကြပြီး စနစ်တကျသိုလှောင်ရောင်းချရေး ရှင်းလင်းပြောကြားကြသည်။

**(၄၁၆)**



## ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၂၅

**ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၁ရက် နံနက်၁၀နာရီက ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းဝေးခန်းမတွင် ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်နယ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်စွာမင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ **(က-ပ)**

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ့်အားကိုယ်ကိုးယုဇနရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ၂၂ရက်က (၉၄)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးကျော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးခင်မောင်ဝေနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

## ဇလွန်မြို့နယ် လယ်ဦးကျေးရွာ စာကြည့်တိုက်ဖွင့်

**ဇလွန် အောက်တိုဘာ ၁၈**

ဇလွန်မြို့နယ် လယ်ဦးကျေးရွာတွင် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၁၅ရက်က လယ်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ လယ်ဦးပရိယတ္တိစာသင်တိုက် ဦးစီးနာယက ဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တဝိသာရဒ၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်း၊ စာကြည့်တိုက်အလှူရှင် ဒေါ်အေးကျင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဆရာတော်ဘဒ္ဒန္တဝိသာရဒနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်လှကြည်က စာကြည့်တိုက်အကြောင်း သိကောင်းစရာ များ၊ စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ကွယ်လွန်သူ(ဦးဝင်း) ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရည်စူး၍ N.SH.4(B) ယုဇနလမ်း အမှတ် ၅ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါ်လေးမိမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးက လက်ခံရယူစဉ်။** (က-ပ)



## ချောက်မြို့နယ်တွင်စာကြည့်တိုက်များအသုံးပြုရန် စာအုပ်များလှူဒါန်း

ချောက် အောက်တိုဘာ ၂၉

**ချောက်မြို့နယ် စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအသုံး ပြုရန်အတွက် ဌာနဆိုင်ရာများနှင့် အလှူရှင်များလှူဒါန်းသော စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်အတွင်းရေးမှူး ဦးအေးဟန်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းတို့က စာကြည့်တိုက်ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနည်းလမ်းများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ ဌာနဆိုင်ရာများနှင့် အလှူရှင်များ လှူဒါန်းသော စာအုပ်မျိုးစုံ ၁၄၃၇အုပ် ၊ဂျာနယ် ၁၆၆စောင်နှင့် အလှူငွေများကို ကျေးရွာ ၂၈ရွာမှ ဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အောက်တိုဘာ ၁၄ရက်က ရေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ အမှိုက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။** (နယ်စပ်/စည်ပင်)



## ကျေးလက်အိမ်ရာ လွှဲပြောင်းပေးအပ်

**မင်းဘူး အောက်တိုဘာ ၂၂**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ကြာကန်ကျေးရွာအုပ်စု ကြာကန်ကျေးရွာ၌ တည်ဆောက်ခဲ့သော ဦးစိုးဝင်း၏ ကျေးလက်အိမ်ရာအား အောက်တိုဘာ ၁၀ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမြင့်အောင်က လွှဲပြောင်း ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ကြည့်ရှု



**အောက်တိုဘာ ၁၄ ရက် က တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရေပူ-ကျောက်နီ ကျေးလက်လမ်းက တ္တ ရာ လမ်းခင်းခြင်း ဆောင်ရွက်မှုကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် အင်ဂျင်နီယာမှူး ဦးစိုးနိုင်တို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။** (နယ်စပ်/စည်ပင်)

## ကန်ကြီးထောင့်မြို့နယ်၌ လင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

**ကန်ကြီးထောင့် အောက်တိုဘာ ၁၅**

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကန်ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို အောက်တိုဘာ ၆ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်စာစောင် ၄၂၅ အုပ် ပေးအပ်လှူဒါန်းရာ အလှူရှင်များကိုယ်စား စာရေးဆရာ ပုသိမ်လှကြည်က ပေးအပ်ရာ ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခင်ခင်မူက လက်ခံရယူသည်။**(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



## ကမ္ဘာ့ဆရာများနေ့အခမ်းအနားပျဉ်းမနားမြို့နယ်၌ကျင်းပ

ပျဉ်းမနား အောက်တိုဘာ ၂၂

**ပျဉ်းမနားမြို့နယ် ပညာရေးဌာနကကြီးမှူး၍ ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။**

### ကန်တော့ကြ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်ရှိန်က ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ၏ စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ကန်တော့ပွဲကျင်းပရာ အပူဇော်ခံ အငြိမ်းစားယူဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြသည်။ **(ဝ၉၉)**

**သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် မြို့နယ်အတွင်းရှိ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဆင်မြီးဆွဲ၊ ဝက်ပုတ်၊ တပ်နယ် အထကများမှ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၆ရက်က သဲကုန်း အထက ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ သဲကုန်းမြို့နယ်အသင်း အမှုဆောင်များက ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်စဉ်။** (က-ပ)



OD Tour

Nov.4,11,19,24,25

Nov.11,19,25

Nov.24,25

Nov. 11,19

Nov. 12,19

OD Style

No.52

**Daw Khin Thawda Aung**
**English Grammar & Speaking**

This course will definitely enhance your improvement in English. If three or more learners enroll together for the course, they will be given ten percent discount.

Special Guide for I.E.L.T.S, T.O.E.F.L, G.C.E

No.51, Kyar Kwet Thit Street, Kyauk Myaung, Tamwe Township. Ph : 556571

## အ–ထ–က(၄)မင်္ဂလာတောင်ညွန့်(ယခင်)စိန့်အန်ထော်နီ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ၂၀၀၃–၂၀၀၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်နေ့** – (၁၄–၁၁–၂၀၀၄) တနင်္ဂနွေနေ့
**ကျင်းပမည့်အချိန်** – နံနက်(၈)နာရီ
**ကျင်းပမည့်နေရာ** – အ–ထ–က(၄)မင်္ဂလာတောင်ညွန့်၊ ရတနာခန်းမ

**အလှူငွေနှင့်ဝတ္ထုပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံတွင် လှူဒါန်းနိုင်ကြပါသည်**

၁။ ဒေါ်စန်းမြင့်(ကျောင်းအုပ်ဆရာမကြီး)အ–ထ–က(၄)မင်္ဂလာတောင်ညွန့် ဖုန်း–၃၇၅၈၈၄
၂။ ဆရာဦးစိန်ဝင်း–အမှတ်(၃၅)ပ–ထပ်၊ ၉၃လမ်း၊ ကန်တော်ကလေး ဖုန်း–၃၇၅၈၂၀
၃။ ဦးဟန်ဌေး–အခန်း(၁၀)၊ တိုက်(၃၆၈)၊ ၅–ရပ်ကွက်၊ အနောက်ရန်ကင်း ဖုန်း–၅၅၇၀၀၅
၄။ ဦးအောင်ကျော်ထွန်း–အခန်း(၁၈) တိုက်(၁၂)စံပြ ဖ–ဆ–ပ–လ ဖုန်း–၂၄၆၀၁၁
၅။ ဦးလှမြင့်–**"ဝင်း"**အအေးစုံမြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး ဖုန်း–၂၄၀၅၅၄

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။**

တစ်ခမေးတည်းမေးနကြသည့်များအတွက်

ABE (Management) နှင့် CIM (Marketing)

Level

LCCI Level III နှင့် IDCS, IAD (Distinction) (Exemption)

External Examination True Diploma

BBA MBA

MHR, 905, 9th Fl, Modern Iron Market (Condo), Lanmadaw Street, Ph : 707822

Limited Seats

## ၁၉၈၆ မြို့ပြအင်ဂျင်နီယာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၈၆ မြို့ပြအင်ဂျင်နီယာ ကျောင်းသူကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲ ၂၀၀၄ နိုဝင်ဘာလကုန်တွင် ကျင်းပရန်ရှိပါသဖြင့် အောက်ပါသူငယ်ချင်းများထံ အမြန်ဆုံးဆက်သွယ်ပေးကြပါရန်။

| | | |
|---|---|---|
| ၁။ | အောင်နိုင်လေး | ၀၉–၈၀ ၂၀၂၀၉ |
| ၂။ | ခင်မောင်ယု | ၅၁၄၆၂၂ |
| ၃။ | မြင့်သန်းဦး | ၀၉–၉၉ ၂၆၀၂၃ |
| ၄။ | ကျင်အုန်း | ၃၈၁၂၄၃ (ရုံး) |
| ၅။ | ခင်မောင်လွင် | ၇၂၄၇၆၈ |
| ၆။ | မင်းဟန် | ၀၉–၉၉ ၂၁၄၆၇၊ ၆၆၅၅၈၃ |
| ၇။ | မြမြမိုး | ၀၉–၅၀ ၀၃၈၈၅ |
| ၈။ | စန္ဒာ | ၀၉–၅၀ ၁၂၉၇၉၊ ၆၆၀၃၄၆ |
| ၉။ | တိုးတိုး | ၀၉–၅၀ ၀၉၄၃၈။ |

Eastern Queen

NOV : 23rd

Special Express / Hotel / Restaurant / Medical Care / Guide Service / Mobile Toilet / Weather Protect

YL ခိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)

Foot Chain

(3 colour)

CAR RENTAL & RESERVATION

MAX

Diploma in IT

Diploma in Information Technology

CHRD (UDEY)

Sale Executive

MM Import Export Co., Ltd.

## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ**
ဒေါ်အေးအေးလှ+၂ အမှတ်(၈၅)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်။
**တူးဖော်မည့်နေရာ/ဦးပိုင်အမှတ်** ၃၂
**အကွက်အမှတ်** ၂၇ စီ၁

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ**
ဦးလှရွှေ အမှတ်(၃၆)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်။
**တူးဖော်မည့်နေရာ/ဦးပိုင်အမှတ်** ၉၇
**အကွက်အမှတ်** ၂၇ စီ၂

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

ဆေးမတွေ့နိုင်သော
နာတာရှည်ရောဂါသည်များအတွက်
သိမ်ဖြူဆရာတော်၏တပည့်
ယခင် မန္တလေး ဆရာကြီးဦးစိန်မှု
နာတာရှည်အထူးကုဆေးခန်း
ဝိဇ္ဇာကာယနှုရားဆေးတိုက်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၈၉၂၄၉ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက် အတွင်းကညန၊ ခရိုင်ရုံး (မိတ္ထီလာ) သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)။**

## အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့(ဂ)ရပ်ကွက်နေ သားဖြစ်သူ ကိုမျိုးသန့်(ခ)အောင်မျိုးသန့် ၇/တငန(နိုင်)၁၃၂၁၄၉ သည် ဆိုဆုံးမမှုကို နာခံခြင်းမရှိသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။
(၎င်းနှင့်ပတ်သက်၍ လုံးဝ တာဝန်မယူပါ။)

**မိခင်ဒေါ်တင်အေး(တောင်ငူ)။**







**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ စောင်းတန်း ဒါယကာကြီး**
**မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့နာယက**
**ဦးသန်း**
**အသက်(၉၂)နှစ်**

မုံရွာမြို့နေ ဒေါ်တွေး (ဂေါမုတ္တဆေးတိုက်ပိုင်ရှင်)၊ ဒေါ်ညိုညို၏ဖခင်သည် ၂၉–၁၀–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၃၁–၁၀–၂၀၀၄ရက်တွင် မုံရွာမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

# ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ
# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဆုများချီးမြှင့်
## ရန်ကုန်တိုင်း ရွှေ ၁၀၃ ခု၊ ငွေ ၇၃ ခု၊ ကြေး ၄၇ ခု၊ အထူးဆုတစ်ဆု စုစုပေါင်း ၂၂၄ ခုဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၃

မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်(၆)ရပ်ဖြင့် အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာဖြင့် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သော ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုများချီးမြှင့်သည်။

***စာမျက်နှာ ၆ ကော်လံ ၁ ✻***





### မဟာဂီတအဆိုပြိုင်ပွဲ အထူးဆုချီးမြှင့်

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ဒွါဒသမ အကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆင့်မြင့်ပညာ အဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲ အထူးဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောစိုင်းလင်းအောင်အား ဆုချီးမြှင့်စဉ်။

**(သတင်းစဉ်)**

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**(သတင်းစဉ်)**

### ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၄)ဖြင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည်။ **(ယင်းနည်းဥပဒေကို စာမျက်နှာ ၅ တွင် စတင်ဖော်ပြထားပါသည်။)** (မြန်မာ့အလင်း)



### မဟာဂီတ အဆိုပြိုင်ပွဲ ဆုချီးမြှင့်

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပညာရှင်အဆင့်(အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်အား ဆုချီးမြှင့်စဉ်။

**(သတင်းစဉ်)**

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| ✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး | ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး | ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |